# ဒီမိုကရက်တစ်မြန်မာ့အသံ
# နိုင်ငံရေးအကျဉ်းသားများသတင်း
# ဖေဖော်ဝါရီ– ၂၀၀၇


နိုင်ငံရေးအကျဉ်းသားဟောင်း မြောက်ဥက္ကလာပ အဖွဲ့ချုပ် အတွင်းရေးမှူးဟောင်း ကွယ်လွန် ၃ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇
ဦးခွန်ထွန်းဦး အပါအဝင် ရှမ်းခေါင်းဆောင်များ အယူခံ (၂၂) ရက်နေ့၌ စစ်ဆေးမည် ၃ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇
မန္တလေး အကျဉ်းထောင်၌ နိုင်ငံရေး အကျဉ်းသားများ၏ ရပိုင်ခွင့်အခွင့်အရေးများ ပိတ်ပင်ခံရ ၅ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇
မြင်းခြံထောင်မှ အကျဉ်းသားများ အပြင်ထွက် နေ့စားအလုပ် ခိုင်းစေမှု ယာယီရပ်ဆိုင်း ၆ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇
နိုင်ငံရေးအကျဉ်းသား အားလုံး လွှတ်ပေးရန် **CRPP** တောင်းဆို ၁၂ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇
နေအိမ်အကျယ်ချုပ်ကျခံနေ့ရသည့် အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦး ကို သက်တမ်း ( ၁ ) နှစ်ထပ်တိုး ၁၃ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇
ဦးတင်ဦး အား ထောင်သက် ( ၁ ) နှစ်ထပ်တိုးမှုကို အဖွဲ့ချုပ်မှ ကန့်ကွက် ၁၄ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇
လာဘ်စားမှုကို တိုင်ကြားသဖြင့် ထောင်ကျနေသူ လယ်သမားတစ်ဦး၏ အယူခံ ထပ်မံရွှေ့ဆိုင်း ၁၄ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇
အင်းစိန်ထောင်မှ နိုင်ငံရေး အကျဉ်းသား ကိုသက်ဦးကို ပြင်ပဆေးခန်း၌ ဆေးကုသခွင့်ပြု ၁၅ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇
မရမ်းကုန်း လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမေဝင်းမြင့် အား ထောင်ဒဏ် (၁) နှစ်ထပ်တိုး ၂၀ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇
တစ်ကိုယ်တော်ဆန္ဒပြမှုဖြင့် ဖမ်းဆီးခံနေရသူ တစ်ဦး၏ အယူခံပယ်ချခံရ ၂၂ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇
ဆန္ဒပြပွဲနှင့်ဆက်စပ်ပြီး အနည်းဆုံး လူ ( ၄ ) ဦးကို အာဏာပိုင်များ ထပ်မံဖမ်းဆီး ၂၃ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇
သင်္ကန်းကျွန်းမြို့နယ်၌ စစ်အစိုးရ ဆန့်ကျင်ရေး စာရွက်စာတမ်းများ ကပ် ၂၃ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇
ရှမ်းခေါင်းဆောင်များ၏ အယူခံမှုကို မတ်လ ( ၁ ) ရက်နေ့၌ ထပ်မံ လျှောက်လဲမည် ၂၃ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇
အင်းစိန်ထောင်တွင်း၌ နိုင်ငံရေးအကျဉ်းသားတစ်ယောက် အရိုက်နှက်ခံရ ၂၃ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇
ဆန္ဒပြပွဲတွင် ဖမ်းဆီးခံရသူ နေအိမ်များသို့ ( ၈၈ ) ကျောင်းသားများ သွားရောက်အားပေး ၂၄ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇
လူထုဆန္ဒထုတ်ဖော်သည့် ဆန္ဒပြပွဲနှင့်စပ်လျဉ်း၍ နောက်ထပ် ( ၂ ) ဦး ထပ်မံဖမ်းဆီး ၂၄ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇
ဆန္ဒပြပွဲမှာဦးဆောင်ပါဝင်သူတွေကို ဖမ်းဆီးထောင်ချရင် ပြည်သူလူထု ဘာဆက်လုပ်မလဲ? ၂၅ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇
ဆန္ဒပြမှု၌ ပါဝင်သူ ( ၉ ) ဦးခန့် အာဏာပိုင်များမှ ဖမ်းဆီးစစ်ဆေး ၂၆ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇
အဖမ်းဆီးခံနေရသူများ၏ မိသားစုများထံ ( ၈၈ ) ကျောင်းသားများ သွားရောက်အားပေး ၂၆ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇
ဆန္ဒပြပွဲတွင် ဖမ်းဆီးခံရသူများကို ပြန်လွှတ်ပေးရန် မိတ္ထီလာအဖွဲ့ချုပ် တောင်းဆို ၂၆ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇
ဖေဖေါ်ဝါရီ (၂၂) ကဖြစ်ပွားခဲ့တဲ့ ရန်ကုန်မြို့လယ်ဆန္ဒပြပွဲ အားသုံးသပ်ကြခြင်း ၂၆၊ ဖေဖေါ်ဝါရီ ၊ ၂၀၀၇
ဆန္ဒပြမှု၌ ပါဝင်သူ ( ၉ ) ဦးခန့် အာဏာပိုင်များမှ ဖမ်းဆီးစစ်ဆေး ၂၆ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇
ပေါင်းတလည်၌ စာပေဟောပြောပွဲကျင်းပသူ လူ ( ၃ ) ဦးကို ထောင်ဒဏ်အပြစ်ပေး ၂၆ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇
တောင်ကုတ်၌ လူ့အခွင့်အရေးစာအုပ်ဖြန့်သူ ဦးဇင်းတစ်ပါး ထိန်းသိမ်းခံရ ၂၆ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇
ပြည်သူ့ဆန္ဒသဘောထား ထုတ်ဖော် ဆန္ဒပြသူ ( ၉ ) ဦး ပြန်လည်လွှတ်မြောက် ၂၇ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇
အစာငတ်ခံသည့် ဆန္ဒပြအဖွဲ့ကို ထိုင်းရဲမှ ဖမ်းဆီး၍ ဒုက္ခသည်စခန်း ပြန်ပို့ ၂၇ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇
ဖမ်းဆီးခံရသူများအား ပြန်လွှတ်ပေးမှုကို လူ့အခွင့်အရေး မြှင့်တင်ရေးအဖွဲ့မှ ကြိုဆို ၂၇ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇
သံလွင်ရေကာတာ စီမံကိန်း ရပ်ဆိုင်းပေးရန် တောင်းဆို ၂၈ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇
စစ်အစိုးရ၏ အပြုသဘောလုပ်ရပ်ကို ကြိုဆိုကြောင်း ဝါရင့်နိုင်ငံရေးသမား နှစ်ဦး ပြောဆို ၂၈ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇
မန္တလေးထောင်တွင်းမှ နိုင်ငံရေးအကျဉ်းသား ကိုဌေးလွင်ဦး ကျန်းမာရေးအခြေအနေ ဆိုးဝါး ၂၈ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇

## နိုင်ငံရေးအကျဉ်းသားဟောင်း မြောက်ဥက္ကလာပ အဖွဲ့ချုပ် အတွင်းရေးမှူးဟောင်း ကွယ်လွန်

*၃ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇*

မြောက်ဥက္ကလာပမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဝင် အတွင်းရေးမှူးဟောင်းလည်းဖြစ် ၊ နိုင်ငံရေး အကျဉ်းသားဟောင်း တစ်ဦးလည်းဖြစ်သည့် ကိုမောင်မောင်ညို သည် ယနေ့ မနက်ပိုင်းတွင် ဦးနှောက်သွေးကြောပြတ်ပြီး မြောက်ဥက္ကလာပ ဆေးရုံတွင် ဆုံးပါးသွားပါသည်။ စီးပွားရေးတက္ကသိုလ်ဘွဲ့ရ အသက် (၄၅) နှစ်အရွယ် ကိုမောင်မောင်ညိုသည် (၁၉၈၈) လူထုလှုပ်ရှားမှုတွင် တက်တက်ကြွကြွ ပါဝင်ခဲ့ပြီးနောက် မြောက်ဥက္ကလာမြို့နယ် အဖွဲ့ချုပ် သုတေသန အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့သူ တစ်ဦးလည်းဖြစ်ပါသည်။ (၁၉၉၃) ခုနှစ်တွင် တိုင်းမ်မဂ္ဂဇင်းပါ ဆောင်းပါးတစ်ပုဒ် တွင် ပြည်သူများအကြား ဘာသာပြန် ဖြန့်ဝေမှုနှင့် ပတ်သက်ပြီး ထောင်ဒဏ် (၄) နှစ်ကျခံခဲ့ရပါသည် ။ (၁၉၉၈) ခုနှစ်တွင် အကျဉ်းထောင်ကနေ ပြစ်ဒဏ်နှစ်စေ့နှင့် ပြန်လည်လွတ်မြောက်လာပြီးနောက် တစစ ကျန်းမာရေး ချို့ယွင်းခဲ့ရာမှ ယခုလို ဆုံးပါးသွားခဲ့ခြင်းဟု သိရပါသည်။ ကွယ်လွန်ချိန်အထိ ပြည်တွင်း နိုင်ငံရေးလှုပ်ရှားမှုများ ပါဝင်ဆောင်ရွက်ခဲ့သလို အင်္ဂလိပ် စကားပြောသင်တန်း တစ်ခုကိုလည်း နေအိမ်မှာဖွင့်ပြီး လူငယ်များအား အခမဲ့ သင်ကြားပေးခဲ့ကြောင်းလည်း သိရပါသည်။ ကိုမောင်မောင်ညို၏ ဈာပနအခမ်းအနားကို လာမည့် တနင်္လာနေ့ နေ့လည် (၂) နာရီတွင် ရေဝေးသုသာန်တွင် ကျင်းပမည် ဖြစ်ပြီး ကိုမောင်မောင်ညို၏ နာရေးကို တက်ရောက်ကြရန် မိသားစုဝင်များနှင့် လုပ်ဖော်ကိုင်ဖက်များအား ဖိတ်ကြားထားကြောင်း သိရပါသည်။

အစသို့

## ဦးခွန်ထွန်းဦး အပါအဝင် ရှမ်းခေါင်းဆောင်များ အယူခံ (၂၂) ရက်နေ့၌ စစ်ဆေးမည်

*၃ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇*

ညောင်နှစ်ပင် ညီလာခံကို ဝေဖန်မှုနှင့် ထောင်ဒဏ် နှစ် (၁၀၀) ကျော် ချမှတ် ခံထားရသူ ခွန်ထွန်းဦး အပါဝင် ရှမ်းခေါင်းဆောင် (၈) ဦး၏ အထူးအယူခံ လက်ခံသင့်၊ မသင့်ကိစ္စကို လာမည့် (၂၂) ရက်နေ့တွင် စစ်ဆေးတော့မည်ဟု သိရပါ သည်။ ယခုလ (၈) ရက်နေ့တွင် စစ်ဆေးမည်ဟု မူလက ကြေညာထားသည့်အမှုကို တရားသူကြီးများ မအားလပ်၍ဟုဆိုပြီး ယ ခုလို (၂၂) ရက်နေ့အထိ ရွှေ့ဆိုင်းလိုက်ခြင်း ဖြစ်သည်ဟု ၄င်းအမှုကို လိုက်ပါနေသည့် ရှေ့နေဦးအောင်သိန်းမှ ဒီဗွီဘီကို ပြောကြားခဲ့ပါသည်။ ခွန်ထွန်းဦး အပါအဝင် ရှမ်းခေါင်းဆောင် (၈) ဦးကို (၂၀၀၅) ခုနှစ် ဖေဖော်ဝါရီလ (၉) ရက်နေ့တွင် စတင် ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး၊ အဲဒီထဲမှ ဦးမြင့်သန်းသည် သံတွဲထောင်တွင် ဖမ်းဆီးခံနေရစဉ် သေဆုံးသွားခြင်းကြောင့် ယခု (၇) ဦးပင် ကျန်တော့ခြင်း ဖြစ်ပါသည်။ ၄င်းတို့ (၇) ဦးစလုံး ကျန်းမာရေး အခြေအနေ မကောင်းဖြစ်နေပြီး၊ ဘူးသီးတောင် ထောင်ရှိ ဦးထွန်းညိုမှ အခြေအနေ အတော်ဆိုးနေကြောင်းလည်း သိရပါသည်။ သူတို့ အားလုံးကို ပြင်ပထွက် ဆေးဝါးကုသခွင့်ပေးဖို့ မိသားစုဝင်များမှ အာဏာပိုင်များသို့ တင်ပြတောင်းဆိုထားသော်လည်း ယခုအချိန်ထိ ခွင့်ပြုချက် မရသေးကြောင်း ရှမ်းအဖွဲ့ချုပ်မှ ဒီဗွီဘီကို ပြောပါသည်။ ၄င်းတို့ (၇) ဦး၏ အမည်နှင့် တာဝန်၊ လက်ရှိအကျဉ်းထောင် စာရင်းကို ပြောရမယ် ဆိုလျှင် ရှမ်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ခွန်ထွန်းဦး ပူတာအိုထောင်၊ အတွင်းရေးမှူး စိုင်းညွှန့်လွင် ကလေးထောင်၊ အဖွဲ့ဝင် စိုင်းလှအောင် ကျောက်ဖြူထောင်၊ ရှမ်းပြည်တပ်မတော် နာယက ဗိုလ်ချုပ်ဆေထင် ခန္တီးထောင်၊ ရှမ်း မျိုးဆက်သစ်မှ ဦးထွန်းညို ဘူးသီးတောင်ထောင်၊ စိုင်းညီမိုး ပခုက္ကူထောင်နှင့် စိုင်းမျိုးဝင်းထွန်း မြင်းခြံထောင်တို့ ဖြစ်ပါသည်။ ၄င်းရှမ်းခေါင်းဆောင် (၇) ဦး၏ အမှုတွဲ နောက်ဆုံး အခြေအနေ၊ ဒီအမှုအပေါ် နိုင်ငံရေး ခေါင်းဆောင်များ၏ ဝေဖန်ချက်နှ၍ ရှမ်းခေါင်းဆောင်များ မျှော်မှန်းခဲ့သည့် (၈) ပြည်နယ် ပြည်ထောင်စု ဘယ်အခြေအနေ ရောက်နေပြီလည်း ဆိုသည်ကို မနက်ဖြန် တနင်္ဂနွေ သတင်းအစီစဉ်မှာ ထုတ်လွှင့်ပေးမှာမို့ စောင့်မျှော်နားဆင်နိုင်ပါသည်။

အစသို့

## မန္တလေး အကျဉ်းထောင်၌ နိုင်ငံရေး အကျဉ်းသားများ၏ ရပိုင်ခွင့်အခွင့်အရေးများ ပိတ်ပင်ခံရ

*၅ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇*

မန္တလေး အကျဉ်းထောင်တွင် စာကြည့်ခွင့်၊ အားကစား လုပ်ခွင့်နှင့် ကျန်းမာရေး စောင့်ရှောက်ခွင့် အပါအဝင် အခွင့်အရေး အားလုံးကို ပိတ်ပင်ခံနေသည့်အတွက် နိုင်ငံရေး အကျဉ်းသားများ အခက်အခဲ ဖြစ်နေသည်ဟု သိရပါသည်။ ပိုဆိုးသည်မှာ ရာဇဝတ် အကျဉ်းသားများ ရရှိသည့် အခွင့်အရေး ကိုတောင်မှ မရရှိဘဲ နိုင်ငံရေး အကျဉ်းသားများကိုပင် သီးသန့် ပိတ်ပင်နေခြင်းဟုလည်း မကြာသေးခင်မှ ထောင်ဝင်စာ တွေ့ခဲ့သူ မိသားစုဝင် တစ်ဦးမှ ယခုလို ပြောပြပါသည်။

"မန္တလေးထောင်မှာ ကျန်းမာရေးနဲ့ ဆေးကုသမှုနဲ့ ပတ်သက်ပြီး အရမ်းကို ဂရုစိုက်မှု လုံးဝ မရှိသလောက် ဖြစ်နေတယ်။ ဘာလို့လဲဆိုတော့ သေခါနီးဆဲဆဲ လူနာလောက်ပဲ ဆေးရုံထုတ်တော့တယ်။ နောက်တစ်ခုက စာအုပ်စာတမ်းနဲ့ ပတ်သက်ရင် အကျဉ်းသားတွေက ဘယ်လို ဖြစ်နေလဲဆိုရင် – အရင်က စာပေစိစစ်ရေးက ခွင့်ပြုတဲ့စာအုပ်၊ ဘယ်လို စာအုပ်မဆို ခွင့်ပြုတယ်။ အခုနောက်ပိုင်း သူတို့ သဘောမကျတဲ့ စာအုပ်ဆိုရင် **Cancel** ဆိုပြီး ပယ်ထားလိုက်တယ်။ အဲဒါ စည်းတံဆိပ် ရိုက်ပြီးတော့ 'ခွင့်မပြု'ဆို လုပ်လိုက်တယ်။ အရင်တုန်းကတော့ အကုန်လုံး ရတယ်ပေါ့။ နောက် အကျဉ်းသားတွေရဲ့ အားကစားနဲ့ ပတ်သက်ပြီးတော (၅/ည) တွေက အရင်တုန်းက ပိုက်ကျော်ခြင်းတို့၊ ဝိုင်းခြင်းတို့ အကုန်ကစားလို့ ရတယ်။ ကိုယ်လက်လေ့ကျင့်ခန်း အနေနဲ့။ အခုနောက်ပိုင်းကျတော့ ဝိုင်းခြင်းလောက်ပဲ အချိန်ပိုင်းနဲ့ ထွက်ကစားရတယ်။ နောက်တစ်ခုက အကျဉ်းသားတွေ အကုန်လုံး အရင်တုန်းက (၅/ည) တွေအပါအဝင် အစက တီဗွီတွေ ပြတယ်၊ ကြည့်ခွင့်ရှိတယ်။ အခုဆို (၅/ည) တွေကို လုံးဝခွင့် မပြုတော့ဘူး။ ကျန်တဲ့ အဆောင်တွေကို ကြည့်ခွင့်ပြုတယ်။ (၅/ည) တွေကို သီးသန့် ဖိနှိပ်ခံနေရတယ်။ 'လုံးဝ ခွင့်မပြုဘူး" ဒီကိစ္စနဲ့ ပတ်သက်ပြီး မန္တလေး အကျဉ်းထောင်ကို ဆက်သွယ်မေး မြန်းတဲ့အခါ တာဝန်ကျ ဝန်ထမ်းတစ်ဦးက အခုလို ငြင်းဆိုပါတယ်။ "မဟုတ်ပါဘူး။ ဒါတွေက သတင်းမှားတွေပါ။ ကျန်တဲ့ဟာတွေကိုတော့ ကျမတို့လဲ ပြောပိုင်ခွင့် မရှိဘူး။"

သို့ပေမဲ့ အမှန်တကယ် နိုင်ငံရေး အကျဉ်းသားများ အခွင့်အရေး ဆုံးရှုံးနေခြင်း ဖြစ်ကြောင်း မကြာသေးခင်ကမှ ထောင်ဝင်စာ သွားတွေ့ခဲ့သည့် မိသားစုဝင် တစ်ဦးမှ ယခုလို ဆက်လက် ပြောပြသွားပါသည်။

"နောက်တစ်ခုက မန္တလေးထောင်မှာ ရေပြဿနာ တက်နေတယ်။ အခုဆိုရင် တပတ်ကို (၃) ရက်လောက်က ပြတ်ပြတ်နေတယ်။ လုံးဝ ရေလွှတ် မပေးဘူး၊ (၅/ည) တိုက်တွေမှာ။ အဲဒါ အကျဉ်းသားတွေ ရေမရဘူး ဖြစ်နေတယ်။ (၅/ည) တိုက်တွေမှာ။ နောက်တစ်ခုက ပိုဆိုးတာက ထောင်ဝင်စာ တွေ့တဲ့အခါမှာ (၅/ည) တွေက သူတို့နေတဲ့ တိုက်တွေက ဗူးကိုသွားတွေ့တဲ့ အခါမှာ ကြားထဲမှာ မိန်းဂိတ်ကို ဖြတ်ရတယ် ဆိုပြီးတော့ ဖိနပ် လုံးဝစီးခွင့် မပေးဘူး။ နေ့ခင်းကြောင်တောင် ထောင်ဝင်စာ လာပြီဆိုရင် နေပူပူ သံမံတလင်းကြီးမှာ ကျစ်ကျစ်တောက် နေပူကြီးမှာ ခြေထောက်ဗလာနဲ့ လမ်းလျှောက်ပြီးတော့ ဗူးထိ ထောင်ဝင်စာ သွားတွေ့ရတယ်။ ဒါကလဲ လုံးဝကို မဖြစ်သင့်တဲ့ အနေအထား၊ အရင်က အဲဒါမျိုးတွေ လုံးဝမရှိဘူး။"

မန္တလေးအကျဉ်းထောင်တွင် (၅/ည) နိုင်ငံရေးသမားများ ကျန်းမာရေး စောင့်ရှောက်မှု အပါအဝင် အခွင့်အရေးအားလုံး ပိတ်ပင်ခံနေရကြောင်း နိုင်ငံရေး အကျဉ်းသား မိသားစုဝင် တစ်ဦးမှ ခုလို ပြောပြသွားခြင်း ဖြစ်ပါသည်။

အစသို့

## မြင်းခြံထောင်မှ အကျဉ်းသားများ အပြင်ထွက် နေ့စားအလုပ် ခိုင်းစေမှု ယာယီရပ်ဆိုင်း

*၆ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇*

မြင်းခြံထောင် အကျဉ်းသားများကို အပြင်ထွက် နေ့စားအလုပ် ခိုင်းစေနေခြင်းများကို ယာယီရပ်ဆိုင်း ထားလိုက်ပြီဟု ဒေသခံများက ပြောပါသည်။ ဒီမိုကရက်တစ် မြန်မာ့အသံမှ မြင်းခြံထောင် အာဏာပိုင်များမှ အကျဉ်းသားများအား ထောင်အပြင် ထွက် အလုပ်ခိုင်းစေသည့် သတင်းထုတ်လွှင့်ပြီး နောက်ရက်မှာပင် အကျဉ်းသားများ အပြင်ထွက် အလုပ်လုပ်ခြင်း မမြင်တွေ့ရ ကြောင်း သိရပါသည်။ ၎င်းသတင်း အတည်ပြုချက် ရယူဖို့ မြို့ခံတစ်ဦးကို မေးကြည့်ရာတွင် ယခုလို ပြောပါသည်။

"ပါပြီး နောက်ရက် တခါတည်း အကုန်လုံး ပျောက်သွားတယ်၊ အကုန်လုံး ဘယ်နေရာမှ မရှိတော့ဘူး။ ဘာဖြစ်လို့ ရပ်သွားတယ်လို့တော့ မကြားဘူး၊ ဒီအတိုင်းပဲ အခု သူတို့လုပ်နေကျ နေရာတွေ အကုန်လုံးမှာ သူတို့ ဘယ်သူမှ မရှိတော့ဘူး။"

ယခုလို အကျဉ်းသား နေ့တိုင်း ထောင်အပြင်ထွက် အလုပ်လုပ် ခိုင်းခြင်းများ ဘာကြောင့် ရပ်ဆိုင်းသွားသည်ဆိုသည်ကို သိနိုင်ဖို့ မြင်းခြံထောင်ကိုလဲ ဆက်သွယ် မေးမြန်းခဲ့ပါသည်။

"ဩော် မထွက်တာ မဟုတ်ပါဘူး။ ကျနော်တို့ ဒီ ထောင်ဝင်းထဲမှာပဲ စိုက်ပျိုးရေးလုပ်ငန်းတွေ လုပ်နေပါတယ်။"

ဒီဗွီဘီ(မေး) ။ ။ အပြင် ပြန်ထွက်ခိုင်းဖို့ရော အစီအစဉ် ရှိလားမသိဘူး။?

"ရှိပါတယ်။"

ထောင်ဝန်ထမ်း အပြောအရ ဆိုရင်လျှင် အကျဉ်းသားများအား အပြင်ထွက် အလုပ်ခိုင်းစေခြင်းများ ရပ်တန့်ခြင်းဟာ ယာယီရပ်တန့်ထားသည့် သဘောဟု ယူဆရမလို ရှိနေပါသည်။ ဘယ်လိုပဲဖြစ်ဖြစ် ယခုလို အကျဉ်းသားများ ထောင်အပြင် ထွက်ပြီး နေ့စားအလုပ်လုပ်ခြင်း ရပ်ဆိုင်းလိုက်သည့်အတွက် လောလောဆယ်တော့ ဒေသခံ လက်လုပ်လက်စားအချို့ အလုပ် ပြန်လုပ်ခွင့်ရနေကြသည်ကို ဝမ်းသာစရာပါဟု မြင်းခြံ ဒေသခံမှ ယခုလို ပြောပြသွားခဲ့ပါသည်။

"ကျနော်တို့ လမ်းလုပ်သားတွေ အကုန်လုံး အလုပ်ပြန်ရတယ်။ မြင်းခြံအနေနဲ့ ပြောရလို့ရှိရင်တော့ လုပ်အားခတွေကလဲ တစ်ယောက်တစ်ယောက်ကို လမ်းလုပ်ရင် နှစ်ထောင်တို့၊ သုံးထောင်တို့ စီရကြတာဆိုတော့၊ ဝင်ငွေလဲ မဆိုးဘူးပေါ့။ ဆောက်လုပ်ရေး၊ နေ့စားအလုပ်သမားတွေလဲ ပြန်ပြီး၊ အလုပ်ရလာကြတယ်ပေါ့။ ကျနော်တို့ အတော်ကြီး ဝမ်းသာတာပေါ့။"

အစသို့

## နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရန် CRPP တောင်းဆို

*၁၂ / ဖေဖော်ဝါရီ / ၂၀၀၇*

အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်၊ ရှမ်းတိုင်းရင်းသား ဒီမိုကရေစီ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးနှင့် အမျိုးသားလူ့အခွင့်အရေး ဒီမိုကရက်ပါတီမှ ဦးကျော်မင်း၊ အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရန် ပြည်သူ့လွှတ်တော်ကိုယ် စားပြုကော်မတီ (CRPP) မှ ယနေ့ စစ်အစိုးရကို ထပ်မံတောင်းဆိုလိုက်ပါသည်။ ပြည်သူ့ လွှတ်တော် ကိုယ်စားပြုကော်မတီမှ ယနေ့ ဦးစီးကျင်းပသည့် နှစ် (၆၀) ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားကနေ ယခုလို တောင်းဆိုလိုက်ခြင်းဖြစ်ပါသည်။ ၎င်းအခမ်းအနားကို ရန်ကုန် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ရုံးချုပ်တွင် ယနေ့ နေ့လယ်ပိုင်းက ကျင်းပခဲ့ခြင်း ဖြစ်ပြီး၊ ရန်ကုန်အခြေစိုက် အမေရိကန်နှင့် ဥရောပ သံတမန်များ၊ CRPP အဖွဲ့ဝင်များ၊ တိုင်းရင်းသား အင်အားစုများ၊ အဖွဲ့ချုပ်ဝင်များနှင့် (၈၈) မျိုးဆက် ကျောင်းသားများ အပါအဝင် ညှော်ပရိသတ် (၁၀၀၀) နီးပါး တက်ရောက်ခဲ့သည်ဟု အဖွဲ့ချုပ် တာဝန်ရှိသူများမှ ပြောပါသည်။ နိုင်ငံရေး အကျဉ်းသားများ ပြန်လွှတ်ပေးရုံတင်မက အဖွဲ့ချုပ်ရုံးများ အားလုံး ပြန်ဖွင့်ခွင့်ပေးရန်နှင့် စည်းရုံးလှုပ်ရှားခွင့်ပေးရန်၊ ဖျက်သိမ်းခံထားရသည့် တိုင်းရင်းသားပါတီများ လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့် ပေးရန်ကိုလဲ ယနေ့ အခမ်းအနားမှ စစ်အစိုးရကို တောင်းဆိုခဲ့ကြောင်းလဲ CRPP အဖွဲ့ဝင်များမှ ပြောကြားသွားခဲ့ပါသည်။

အစသို့

## နေအိမ်အကျယ်ချုပ် ကျခံနေရသည့် အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦး ကို သက်တမ်း ( ၁ ) နှစ်ထပ်တိုး

*၁၃ / ဖေဖော်ဝါရီ / ၂၀၀၇*

နေအိမ်အကျဉ်းကျနေသည့် အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦးကို စစ်အစိုးရမှ နောက်ထပ် (၁) နှစ်တိုး ထိမ်းသိမ်းလိုက်ကြောင်း ရန်ကုန်လာသည့် AFP သတင်းတစ်ပုဒ်အရ သိရပါသည်။ ယခုလို (၁) နှစ် တိုးလိုက်သည်ဆိုသည်ကို ပြည်ထဲရေး ဝန်ကြီးဌာနမှ မနေ့ ညနေပိုင်းတွင် ဦးတင်ဦး၏ နေအိမ်အထိ လာရောက်အသိပေးခဲ့ခြင်းဟု AFP သတင်းတွင် ဖော်ပြထားပါသည်။

အစသို့

## လာဘ်စားမှုကို တိုင်ကြားသဖြင့် ထောင်ကျနေသူ လယ်သူမတစ်ဦး၏ အယူခံ ထပ်မံရွှေ့ဆိုင်း

*၁၄ / ဖေဖော်ဝါရီ / ၂၀၀၇*

အာဏာပိုင်များ၏ လာဘ်စားမှုကို တိုင်ကြားမိ၍ ထောင်ဒဏ် (၁) နှစ် ချမှတ်ခံနေရသည့် လယ်သူမကြီး ဒေါ်ခင်ဝင်း၏ အယူခံအမှုကို (၂၀) ရက်နေ့အထိ ထပ်မံ ရက်ရွှေ့လိုက်ကြောင်း သိရပါသည်။ ရန်ကုန်တောင်ပိုင်းခရိုင် တရားရုံးမှ ပဏာမအနေနှင့် လက်ခံထားသည့် အမှုကို ပုံမှန်အားဖြင့်ဆိုရင် မနေ့မှ စစ်ဆေးမည်ဖြစ်သော်လည်း ယခုလို သတင်းတပတ် ထပ်ရွှေ့လိုက်ခြင်း ဖြစ်သည်ဟု ၎င်းအမှုကို လိုက်ပါပေးနေသည့် ရှေ့နေများမှ ပြောကြားခဲ့ပါသည်။

ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ညောင်ပင်သာကျေးရွာမှ အသက် (၅၁) နှစ်အရွယ် လယ်သူမကြီး ဒေါ်ခင်ဝင်းကို ပြီးခဲ့သည့် ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် အာဏာပိုင်များမှ ထောင် (၁) နှစ်ချခဲ့ခြင်း ဖြစ်ပါသည်။ ဒေါ်ခင်ဝင်း အဖမ်းခံရသည့် အမှုကတော့ ညောင်ပင်သာကျေးရွာ အာဏာပိုင်များနှင့် ကြံ့ဖွံ့အတွင်းရေးမှူး ဦးဝင်းရှိန်တို့ ၏ လာဘ်စားမှုကို တရားရုံးတွင် တိုင်ကြားခဲ့သည့် အပေါ် မမှန်မကန် တိုင်ကြားခဲ့သည်ဟု ပြန်လည်စွပ်စွဲခံရပြီး ဖမ်းဆီးထောင်ကျ ခံခဲ့ရခြင်း ဖြစ်ပါသည်။ ဒေါ်ခင်ဝင်း၏ တိုင်ကြားချက်များသည် အမှန်အကန်များ ဖြစ်သော်လည်း မျက်မြင်များအား သက်သေမလိုက်ရဲအောင် အာဏာပိုင်များ

ဖိအားပေးခဲ့ခြင်းကြောင့် ယခုလို ဖြစ်သွားရသည် ဖြစ်သည်ဟုလည်း ရှေ့နေများမှ ပြောကြားခဲ့ပါသည်။ အာဏာပိုင်များ၏ မတရားလုပ်ရပ်အတွက် တိုင်ကြားသူတွေအခုလို ဖမ်းဆီးထောင်ချ ခံနေစဉ်မှာပဲ တခြားတဖက်မှာတွင် အာဏာပိုင်များ၏ မတရားလုပ်ရပ်ရှိရင် ကြပ်ပြေးမြို့သစ်ဆီ လွတ်လပ်စွာ တိုင်ကြားနိုင်ပါတယ်ဆိုပြီး စစ်အစိုးရ သတင်းစာများတွင် ကြေညာနေပြန်ပါသည်။ ပြည်ထဲရေးဌာနနှင့် စွမ်းအင်ဌာနများမှ ယခုလို ထပ်မံ ကြေညာလိုက်ခြင်း ဖြစ်ပါသည်။ ပြည်ထဲရေးဌာန လက်အောက်ခံဖြစ်သည့် ရ–ယ–က နှင့် ကြံ့ဖွံ့အဖွဲ့၏ လုပ်ရပ်ကြောင့် ဒေါ်ခင်ဝင်း ထောင်ကျခံနေရသည့်အပေါ် ဘယ်လို ပြောမလဲလို့ အဲဒီ ဌာနတွေကို မေးတဲ့အခါတွင် ၄င်းကိစ္စအတွက် တိုင်ကြားသည့်စာ ၄င်းတို့ရုံးဆီ ရောက်ရှိခြင်း မရှိသေးကြောင်း ဖြေကြားသွားခဲ့ပါသည်။

အစသို့

## ဦးတင်ဦး အား ထောင်သက် ( ၁ ) နှစ်ထပ်တိုးမှုကို အဖွဲ့ချုပ်မှ ကန့်ကွက်

*၁၄ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇*

အဖွဲ့ချုပ် ဒုဥက္ကဋ္ဌအဖြစ် တာဝန်ယူနေသည့် ကာကွယ်ရေးဦးစီးချုပ်ဟောင်း၊ ဗိုလ်ချုပ်ကြီး သူရတင်ဦးကို ထောင်သက်တစ်နှစ် ထပ်တိုးလိုက်သည့်အပေါ် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်မှ ကန့်ကွက်ပြောဆို လိုက်ပါသည်။ (၂၀၀၃) ခုနှစ် ဒီပဲယင်းအရေးအခင်း ပြီးကတည်းက အကျဉ်းချုပ်၊ အကျယ်ချုပ်များ ကျခံနေရဆဲဖြစ်သည့် အသက် (၇၉) နှစ်အရွယ် ဦးတင်ဦးကို မနေ့ညနေပိုင်းတွင် အာဏာပိုင်များ ထောင်သက်တစ်နှစ် ထပ်တိုးလိုက်ပြီးသည့်နောက် ယခုလို ကန့်ကွက်မှု ထွက်ပေါ်လာခြင်း ဖြစ်ပါသည်။ ဒီပဲယင်းအရေးခင်းနှင့် ပတ်သက်ပြီး ပြစ်မှုကျူးလွန်သူများအား ယခုချိန်ထိ လုံးဝဖမ်းဆီး အရေးယူခြင်း မလုပ်ဘဲနှင့် ရိုက်နှက်ခံရသူများကိုသာ အကျဉ်းချုပ်၊ အကျယ်ချုပ် မျိုးစုံနှင့်ယခုချိန်ထိ တစ်နှစ်ပြီးတစ်နှစ် ထောင်သက်တိုးနေခြင်းသာ တည်ဆဲ ဥပဒေများကို စစ်အစိုးရမှ ပြောင် ချိုးဖောက်နေဆဲ ဖြစ်သည်ဟု အဖွဲ့ချုပ်မှ ဝေဖန်လိုက်ခြင်း ဖြစ်ပါသည်။

“ကျနော့်အမြင်က ဥပဒေကြောင်းအရ စပြီးတော့ ထိန်းသိမ်းကတည်းကိုက ဥပဒေနဲ့ မညီပါဘူး။ အားလုံးသိတဲ့ အတိုင်းပဲလေ ဒီပဲယင်းမှာ တိုက်ခိုက်ခံရတယ်၊ တိုက်ခိုက်တဲ့ ပုဂ္ဂိုလ်တွေကို ဒီနေ့အထိ အရေးယူတာ မရှိဘဲနဲ့ တိုက်ခိုက်ခံရတဲ့လူတွေကို အခုလို ထိန်းသိမ်းတာဟာ လုံးဝ တရား လဲ မမျှတဘူး၊ ဥပဒေနဲ့လဲ မညီဘူး။ ကျနော်တို့ မနှစ်တုန်းက အန်ကယ်ဦးတင်ဦးနဲ့ ပတ်သက်ပြီးတော့ ဒီလို ထပ်တိုးတဲ့အခါမှာ ကျနော်တို့ အယူခံတင်ဖို့ ကြိုးစားတယ်။ အယူခံမိတ္တူကို သူတို့ ဘယ်အကြောင်းအချက်အပေါ်မှာ မူတည်ပြီးတော့ တိုးတယ်ဆိုတာ သိရအောင် မိတ္တူကူးဖို့ ကျနော်တို့ ကြိုးစားတယ်။ မိတ္တူလဲ ထုတ်မပေးဘူး။ အဲဒါနဲ့ ဥပဒေသက်သက်အမြင်ပဲ အကြောင်းအချင်းအရာနဲ့ ဘာမှ မသိရတဲ့အတွက် ဥပဒေအမြင်သက်သက်နဲ့ အယူခံ တင်ခဲ့ပါတယ်။ ဒါပေမဲ့ ဒီအယူခံကိုလဲ အကြောင်းပြန်တာ မရှိပါဘူး။ အခုလဲ နောက်ထပ် တိုးတယ်ဆိုတော့ ကျနော်တို့က ဥပဒေအရ ပေးထားတဲ့ အခွင့်အရေးကိုတော့ ကျနော်တို့ ဆောင်ရွက်ရမှာပဲ။ တရားမျှတမှု မရှိတဲ့ ဥပဒေနဲ့၊ ဘာပြစ်မှုမှ မကျူးလွန်ဘဲ ထိန်းသိမ်းခြင်းကတော့ အလွန် အရုပ်ဆိုး အကျည်းတန်တဲ့ အဖြစ်ပဲလို့ ဒီလောက်ပဲ ပြောချင်ပါတယ်။”

အဖွဲ့ချုပ် ပြောခွင့်ရ ပုဂ္ဂိုလ်တစ်ဦးလဲဖြစ်၊ ဥပဒေပညာရှင် တစ်ဦးလဲဖြစ်သည့် ဦးဉာဏ်ဝင်း၏ ဝေဖန်ချက် ဖြစ်ပါသည်။ ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ကို ဖမ်းဆီးထားသည့် ပုဒ်မ ဘယ်လို ကွာခြားချက်ရှိသလဲ။ ပုဒ်မ (၁၀/ခ) ဆိုတာ ဘယ်အချိန်ထိ ဖမ်းထားလို့ ရသလဲလို့ ထပ်မေးသည့်အခါတွင် ဦးဉာဏ်ဝင်းမှ ယခုလို ဖြေကြားသွားခဲ့ပါသည်။

“ဦးတင်ဦးက ဒီပဲယင်းပြီးတော့ ကလေးထောင်ထဲ (၁) နှစ်လောက် ထားလိုက်တယ်။ (၁) နှစ်နီးနီး လောက်ကြာမှ ရန်ကုန်ပြန်ပို့ပြီးတော့ (၁၀/ခ) နဲ့ ထိန်းသိမ်းတယ်။ အဲဒီ (၁) နှစ်လောက် ထားတဲ့ကာလမှာ ဥပဒေအရ ဘာနဲ့ ထားတယ်ဆိုတာ ကျနော်တို့ မသိဘူး။ အဲဒီတော့ အဲဒီမှာလဲ ဥပဒေမဲ့ ထိန်းသိမ်းတဲ့ သဘောပါပဲ။ ဒေါ်အောင်ဆန်းစုကြည်ကတော့ မေလပြီးတော့ အောက်တိုဘာမှာ ဒေါ်အောင်ဆန်းစုကြည် ဆေးရုံက ဆင်းပြီးတဲ့အခါမှာ နေအိမ်မှာ ပြန်ပြီးတော့ (၁၀/ခ) နဲ့ ထားတယ်။ ဒါကြောင့် ဒီ ဥပဒေက နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ ဘေးအန္တရာယ်မှ ကာကွယ်တဲ့ ဥပဒေမှာ အဲဒီလို ထိန်းသိမ်းဖို့ အာဏာတွေ အားလုံးက တရားရုံးနဲ့ လုံးဝမဆိုင်ဘူး။ အုပ်ချုပ်ရေးအာဏာပိုင်တွေ၊ အထူးသဖြင့် ပြည်ထဲရေးနဲ့ ဗဟိုအဖွဲ့လို့ ခေါ်တာပေါ့လေ။ ပြည်ထဲရေးရဲ့ အာဏာပဲ။ တရားရုံး ဆုံးဖြတ်ချက် လုံးဝ မပါပါဘူး။ ဒီဥစ္စာက မဆလ လက်ထက်က ပြဋ္ဌာန်းထားတာလေ။ အခြေခံဥပဒေထဲမှာလဲ မပါဘူး၊ နောက်ပြီးတော့ အဲဒီ အခြေခံဥပဒေနဲ့လဲ ဆန့်ကျင်တဲ့ ဥပဒေကြီးပါ။ တရားရုံးရဲ့ အခွင့်အမိန့်မရှိဘဲနဲ့ အုပ်ချုပ်ရေး အာဏာပိုင်က ထိန်းသိမ်းခွင့် ရှိတယ် ဆိုတာဟာ အခြေခံဥပဒေမှာ ဒီအာဏာ ပေးမှ မထားတာမျိုး။ ဒါဟိုကတည်းကိုက မရှိသင့်တဲ့ ဥပဒေပဲ။”

(၂၀၀၃) ခုနှစ်၊ မေလ (၃၀) ရက်နေ့ ကတည်းကစပြီး အကျဉ်းချုပ်၊ အကျယ်ချုပ် ကျခံနေရသူ အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦးကို နောက်ထပ် ထောင်သက်တစ်နှစ် ထပ်တိုးလိုက်သည့် အပေါ် ဦးဉာဏ်ဝင်း၏ ဖေဝန်ချက် ဖြစ်ပါသည်။ ထို့အပြင် အသက် (၈၀) ပြည့်တော့မှာဖြစ်တဲ့ ဦးတင်ဦးသည် စစ်ဗိုလ်ဘဝမှ ရရှိထားသည့် ဒဏ်ရာကနေ ကျည်စတစ်ခု ခန္ဓာ ကျန်နေဆဲဖြစ်ခြင်းကြောင့် ကျမ်းမာရေးအရလဲ စိုးရိမ်ရသည့် အနေထားမျိုးရှိနေသည်ဟု ဦးဉာဏ်ဝင်းမှ ထပ်ဖြည့် ပြောကြားသွားခဲ့ပါသည်။

အစသို့

## အင်းစိန်ထောင်မှ နိုင်ငံရေး အကျဉ်းသား ကိုသက်ဦးကို ပြင်ပဆေးခန်း၌ ဆေးကုသခွင့်ပြု

*၁၅ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇*

အင်းစိန်ထောင်တွင် ကျမ်းမာရေးအခြေအနေ ဆိုးလာနေသည့် နှစ်ရှည် နိုင်ငံရေး အကျဉ်းသား ကိုသက်ဦးကို ပြင်ပတွင် ဆေးကုသခွင့်ပေးရန် ဇနီးဖြစ်သူ မပြုံးပြုံးအေးမှ ယနေ့ တောင်းဆိုလိုက်ပါသည်။ မနေ့မှ ထောင်ဝင်စာသွားခဲ့သူ ဇနီးသည် မပြုံးပြုံးအေးမှ ယခုလို ပြောဆိုလိုက်ခြင်းဖြစ်ပြီး ကိုသက်ဦး၏ ဆီးလမ်းကြောင်း ကျောက်တည်ရောဂါသည် အခြေအနေ ဆိုးလာသည့်အတွက် ပြင်ပဆေးခန်းနှင့် ကုသခွင့် လိုအပ်နေပြီဟု မပြုံးပြုံးအေးက ပြောပါသည်။ ၄င်းအခြေအနေနှင့် ပတ်သက်ပြီး ဇနီးဖြစ်သူ မပြုံးပြုံးအေးမှ ယခုလို ပြောပြပါသည်။

"ခါတိုင်းအပတ်တွေဆိုရင် သူက စကားပြောတာလဲ အားရပါးရ ပြောတယ် ပေါ့နော်။ မနေ့က အမတို့ သွားပြီး ပြန်လာတာ့ အမတောင် တော်တော် စိတ်ညစ်သွားတယ်။ သူ့ကြည့်ရတာ သိပ်အားမရဘူးပေါ့နော်။ ကိုယ်တစ်ခြမ်းကလဲ ထုံတာကျဉ်တာ ဖြစ်တယ်။ ညဘက်ညဘက်မှာ အိပ်လို့ မပျော်ဘူး။ အဲဒီလို ဖြစ်နေတယ်။ ECG ရိုက်တာကလဲ ကြာတယ်၊ ရိုက်ပြီး ချက်ချင်း အဖြေက မထွက်ဘူး။ သူက အဆင့်ဆင့်ကို တင်ရသေးတာ။ ပြီးမှ သူတို့လက်ထဲကို ရောက်လာမှ ဆေးစာထုတ်၊ ထုတ်ပြီးတော့ ထောင်ဝင်စာကနေ အဲဒီ ဆေးစာကို ထုတ်ပြီး အိမ်က ဝယ်ပေးရမှာ။ အမတို့ ဖြစ်စေချင်တာက ရောဂါတစ်ခုခု ဖြစ်တယ်ဆိုရင် ထောင်ကထုတ် အပြင်ဆေးရုံ၊ နီးစပ်ရာ အင်းစိန်ဆေးရုံမှာ ဓာတ်မှန်တွေ၊ ဘာတွေ ရိုက်စေချင်တာ။ ကြာမှ ဆေးက သွင်းရတယ်ဆိုတော့ ကိုးလိုးကိုးလန့်တွေ ဖြစ်ကုန်တယ်။ ရေရှည်ကျတော့ မရဘူးပေါ့နော်။ ဇနီး တစ်ယောက်အနေနဲ့ကတော့ ကိုယ့်ယောကျ်ား ကျန်းမာရေးကို စိုးရိမ်ရတာပေါ့နော်။"

ယခုလို ထောင်တွင်း ဆေးကုသမှု အခက်အခဲများကြောင့် ကိုသက်ဦးအပြင် တခြား နိုင်ငံရေး အကျဉ်းသားများအတွက်ပါ စိုးရိမ်နေရပါသည်ဟု မပြုံးပြုံးအေးမှ ယခုလို ဆက်ပြောပြပါသည်။

"ဖြစ်တယ်ဆိုရင်တော့ အပြင်ထွက်ပြီး ကုစေချင်တာပေါ့နော်။ ဘာလို့လဲဆို– အမကလဲ နေလာခဲ့ရတယ်လေ။ သူများ ထက်စာရင် ကိုယ်က ပိုပြီး ခံစားတတ်တာပေါ့နော်။ အခု ဖြစ်တယ်ဆိုရင် ဆေးမှူး အကြောင်းကြား၊ ဆေးမှူးကနေ ဆရာဝန်၊ ဆရာဝန်ကနေ လာကြည့်၊ ကြည့်ပေးပြီး ညွှန်ချုပ်တို့ ထောင်ပိုင်တို့ကို ပြန်တင်ရသေးတယ်။ သူတို့ ခွင့်ပြုချက်ရမှ ကုလို့ ရတာ။ ကြံ့ကြာတယ်လို့ ခေါ်ရမှာပေါ့။ အပြင်မှာလို မဟုတ်ဘူးပေါ့နော်။ ဥပမာ အမတို့ အပြင်ဆေးခန်းကို ရောက်သွားတယ်ဆိုရင် ECG ထွက်လာတယ်။ စာရွက် အရှည်ကလေးနဲ့ အဲဒီလို ထွက်လာရင် ဘာဆေးဘာဆေးနဲ့ ဆရာဝန်က သောက်ခိုင်းတယ်။ အဲဒီတော့ ချက်ချင်း ဆေးဝယ်သောက်လို့ရတယ်။ အခု အထဲက လူတွေက ကိုသက်ဦးတစ်ယောက်တင် မဟုတ်ဘူးပေါ့နော်။ အားလုံးအတွက်ကို စိုးရိမ်ရတာပေါ့နော်။"

ကိုသက်ဦးကို ABSDF နှင့် လျှို့ဝှက် ဆက်သွယ်မှု၊ တရားမဝင် စာရွက်စာတမ်းဖြန့်ဝေမှု၊ နိုင်ငံရေးလှုံ့ဆော်မှုများနှင့် ပြီးခဲ့သည် (၁၉၉၇) ခုနှစ် ဇန်နဝါရီလမှာ အာဏာပိုင်များမှ ဖမ်းဆီးလိုက်ပြီး အင်းစိန်ထောင်တွင် ထောင်ဒဏ် (၂၆) နှစ် ချလိုက်ခြင်းဖြစ်ပါသည်။

အစသို့

## မရမ်းကုန်း လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမေဝင်းမြင့် အား ထောင်ဒဏ် ( ၁ ) နှစ်ထပ်တိုး

*၂၀ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇*

ဖမ်းဆီးခံနေရသည်မှာ (၁၀) နှစ် ကျော်လာပြီဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကို အာဏာပိုင်များမှ ထောင်သက် (၁) နှစ် ထပ်တိုး လိုက်ကြောင်း သိရပါသည်။ မရမ်းကုန်မြို့နယ် အမှတ် (၂) မဲဆန္ဒနယ်မြေမှ လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဒေါ်မေဝင်းမြင့် ကို ပြီးခဲ့သည့်လ (၃၁) ရက်နေ့တွင် ယခုလို ထောင်သက် တိုးလိုက်တာဖြစ်ပြီး၊ ယခုလ (၁၂) ရက်နေ့တွင် ထောင်ဝင်စာ တွေ့ခွင့်ရသည်မှ ၄င်းသတင်းကို သိရခြင်း ဖြစ်ကြောင်း သူမ၏ခင်ပွန်း

ဦးဝင်းမြင့်မှ ပြောကြားခဲ့ပါသည် ။ အသက် (၅၇) နှစ် ရှိနေပြီဖြစ်သည့် ဒေါ်မေဝင်းမြင့်ကို မရမ်းကုန်းမြို့နယ်မှ လူငယ်များနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံနိုင်အောင် အစည်းအဝေး လုပ်ပေးမှုနှင့် (၁၉၉၇) တွင် စတင်ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး မူလက ထောင်ဒဏ် (၇) နှစ် ချမှတ်ခဲ့ခြင်း ဖြစ်ပါသည်။ သို့ပေမဲ့ ထောင်သက်ပြည့်သည့် (၂၀၀၄) တွင် သူမအား ပြန်လွှတ်ပေးခြင်းမရှိဘဲ ပုဒ်မ (၁၀/က) နှင့် ထပ်မံစွဲဆိုပြီး (၂) လ–တစ်ကြိမ်၊ ပြီးတော့ (၁) နှစ် –တစ်ကြိမ် သက်တမ်း တိုးလာခြင်း ယခုချိန်ထိပင် ဖြစ်ကြောင်း သိရပါသည်။ ပြီးခဲ့တဲ့လပိုင်းအတွင်း ဒေါက်တာသန်းငြိမ်းကို ထောင်သက် (၁) နှစ်ထပ်တိုး ခြင်း၊ ဒုဥက္ကဌ–ဦးတင်ဦးကို အကျယ်ချုပ် (၁) နှစ် ထပ်တိုးမှု အပြီး ယခုလို သတင်းထွက်ပေါ် လာခြင်းလည်း ဖြစ်ပါသည်။ အသက် (၆၀) နီးနေပြီဖြစ်သည့် ဒေါ်မေဝင်းမြင့်သည် ထောင်သက်ရှည်လာသည်နှင့်အမျှ ကျန်းမာရေး အခြေအနေ ဆိုးဝါးလာနေကြောင်းနှင့် အမြန်ဆုံးလွှတ်ပေးရန် မျှော်လင့်သည့်အကြောင်း သူမ၏ ခင်ပွန်းသည် ဦးဝင်းမြင့် မှ ယခုလို တိုက်တွန်းခဲ့ကြောင်းပါ။

“ကျန်းမာရေးကတော့ နှလုံးရောဂါရှိတယ်၊ သွေးတိုးရှိတယ်၊ နောက်တစ်ခါ သွေးတိုးကြောင့် မျက်လုံးသွေးကြောလေးတွေက မျက်လုံးထိခိုက်မှာစိုးလို့ မျက်စိဆေးတွေ ပေးနေရတယ်။ နောက် အရင်ကတော့ ကျည်းပေါင်းတက် ထားတာရှိတယ်။ အရင်ကတော့ အပြင်ကို ထွက်ပြလို့ရတယ်။ အခုတော့ အတွင်းမှာပဲ သူတို့ ကုပေးပါတယ်။ အင်းစိန်က ဆရာတို့ ဘာတို့ လာကုပေးတယ်။ ပြောတာတွေကလဲ များနေပြီဆိုတော့ ပြောလဲ မပြောချင်တော့ပါဘူး။ မျှော်လင့်ထားတယ် ဆိုတာ သိတဲ့အတိုင်းပဲ ပထမ ထိန်းသိမ်းစ (၇) နှစ်။ (၇) နှစ်ပြည့်ပြီးပြီပေါ့။ အဲဒီပြီးတော့ နောက်ထပ် (၁၀/က) နဲ့ တိုးတိုးဆိုတော့ တိုးတာတွေ အပြင်ကို ကျန်တဲ့ အခါအားလျော်စွာ လွှတ်တာတွေရှိတယ်။ ဒီမှာလဲ မျှော်ရပေါင်းက များပြီ။ အခု ဒါပြီးတော့ (၅) ကြိမ်ပြည့်ရင်တော့ ပြီးပြီဆိုပြီး ဒီလိုပေါ့။ ဥပဒေကြောင်းအရ ရှိတယ်ပြောတာပဲ။ တိတိကျကျတော့ မသိပါဘူး။ ရှိတယ်ဆိုတော့လဲ အဲဒါကို မျှော်တာပေါ့။ မျှော်ရင်းနဲ့ အခု (၅) ကြိမ်ပြည့်တော့လဲ အခုတစ်ခါ နောက်ထပ် (၆) ကြိမ်က ဖြစ်သွားပြန်ပြီ။”

အစသို့

## တစ်ကိုယ်တော်ဆန္ဒပြမှုဖြင့် ဖမ်းဆီးခံနေရသူ တစ်ဦး၏ အယူခံပယ်ချခံရ

*၂၂ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇*

ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေး အကျဉ်းသားတွေကို အမြန်ဆုံး ပြန်လွှတ်ပေးဖို့အတွက် မြို့တော်ခန်းမရှေ့မှာ ဆန္ဒပြတောင်းဆိုမှုနဲ့ ဖမ်းဆီးထောင်ချထားတဲ့ ကိုထွန်းလင်းကျော် ရဲ့ အထူးအယူခံကို တရားရုံးချုပ်က ပယ်ချလိုက်ကြောင်း သိရပါတယ်။ ကိုထွန်းလင်းကျော်ရဲ့ အမှုကို အထူးအယူခံ ဝင်ခွင့်ပြုဖို့ သူ့ရဲ့ အကျိုးဆောင် ရှေ့နေတွေက အခုလ (၂) ရက်နေ့က တိုင်းတရားရုံးထံ လျှောက်လဲချက် ပေးခဲ့တာ ဖြစ်ပါတယ်။ အခုလ (၁၃) ရက်နေ့ ကတည်းက အယူခံပယ်ချထားတဲ့ ကိစ္စကို ဒီကနေ့ တရားရုံးထံ သွားရောက်စုံစမ်းမှ သိခဲ့ရတာလို့ ရှေ့နေ ဦးမြင့်သောင်းက ပြောပါတယ်။

ဥပဒေကြောင်းအရ နောက်ဆုံး အခွင့်အရေးတစ်ခုဖြစ်တဲ့ အထူးအယူခံ ပယ်ချခံရတာကြောင့် ကိုထွန်းလင်းကျော်အတွက် တရားဥပဒေအရ ရသင့်ရထိုက်တဲ့ အခွင့်အရေး လုံးဝ ဆုံးရှုံးခဲ့ရကြောင်း ရှေ့နေ ဦးမြင့်သောင်းက အခုလို ပြောပြပါတယ်။ “ကျနော်တို့ မြန်မာနိုင်ငံရဲ့ အခြေအနေအရကတော့ ဥပဒေအရ လျှောက်ထားတဲ့ အခွင့်အရေးကတော့ ကုန်ဆုံးသွားပြီ။ အဲဒီတော့ ကျနော်တို့ အနေနဲ့ကတော့ အမှန်တရားကို ဖော်ထုတ်ပေးဖို့၊ တရားမျှတမှုရဖို့၊ တကယ်ဥပဒေနဲ့အညီ ကိုထွန်းလင်းကျော်ကို စီရင်ဆုံးဖြတ်မယ်ဆိုရင် ဒီအမှုဟာ လက်လဲခံမယ်၊ နောက် အမှုအရ အပြစ်ပေးထားတာကိုလဲ ပယ်ဖျက်ရမှာ ဖြစ်ပါတယ်။ အခုကတော့ ဥပဒေပါ အခွင့်အရေးကို ကျနော်တို့က ပြီးဆုံးတဲ့အထိ ဆောင်ရွက်ပြီးတဲ့အတွက်ကြောင့်မို့ ကျနော်တို့ အနေနဲ့က ဆက်ပြီးတော့ ဆောင်ရွက်လို့ မရဘူး။ သူ့မိသားစု အနေနဲ့ကတော့ နိုင်ငံတော်အကြီးအကဲဆီ စာတင်ပြီး အကျိုးအကြောင်း တင်ပြနိုင်တဲ့ဟာကို လျှောက်ထားမှုတော့ ရှိတာပေါ့။ ဒါက ဥပဒေအရ ပေးထားတာတော့ မဟုတ်ဘူးပေါ့လေ။ ဒါပေမဲ့ ခက်တာက ကိုထွန်းလင်းကျော်မှာ မိသားစု အနေနဲ့က သူ့ကို ယနေ့ထိ ထောင်ဝင်စာတွေ့တဲ့လူလဲ မရှိဘူး၊ ကျန်းမာရေး အနေအထားကလဲ သူက မကောင်းတဲ့အတွက်ကြောင့်မို့ သူ့အတွက်ကတော့ အမြဲစိုးရိမ်နေရတာပေါ့။ နိုင်ငံတော်အနေနဲ့က လွှတ်ပေးမှ သူက ကျန်းမာရေးလဲ ကုသလို့ရမယ်၊ သူ့အနေနဲ့လဲ နိုင်ငံတကာက သက်ရောက်နေတဲ့ ဥပဒေပါ အခွင့်အရေးကို ရရှိမှာ ဖြစ်ပါတယ်။”လို့ ကိုထွန်းလင်းကျော်ရဲ့ အမှုအခြေအနေအကြောင်း ရှေ့နေဦးမြင့်သောင်း ပြောပါတယ်။

တောင်ငူထောင်မှာရှိတဲ့ နိုင်ငံရေးအကျဉ်းသား ကိုညီညီဦး ကျန်းမာရေးလည်းပဲ ဆိုးဝါးနေတယ်လို့လဲ သိရပါတယ်။ သွေးတိုးနဲ့ နှလုံးရောဂါတွေ ခံစားနေရတဲ့ ကိုညီညီဦး ဟာ တနေ့တခြား ကျန်းမာရေးဆိုးဝါးလာပြီး ပြီးခဲ့တဲ့လအတွင်းကတော့ ကိုယ်တစ်ခြမ်း လေဖြန်းသွားခဲ့တယ်လို့ မိသားစုဝင်တွေက ပြောပါတယ်။ ကိုညီညီဦးကို အပြင်ဆေးရုံထုတ်ပြီး စနစ်တကျ ကုသပေးဖို့ ဆရာဝန်တွေက ညွှန်ကြားထားပေမဲ့ ထောင်ပိုင်ဦးချစ်ငွေက ဆေးကုခွင့် ပိတ်ပင်ထားတယ်လို့ ဆိုပါတယ်။ ဒီအကြောင်းကို ပြီးခဲ့တဲ့ရက်ပိုင်းကမှ ထောင်ဝင်စာတွေ့ပြီး ပြန်လာတဲ့ မိသားစုဝင်တစ်ဦးက အခုလို ပြောပြပါတယ်။

“ဆေးတွေကလဲ သူတို့က ဒီလောက်ဖြစ်နေတာ ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ သေဖို့ပဲ ရှိတော့တယ်။ ဆေးကလဲ မရဘူး။ အခု တိုက်ထဲ ပြန်ထည့်ထားတယ်။ အခုက သူ့ကို လူနာတစ်ယောက် ထားတာနဲ့ မတူဘူး၊ အလုပ်ကြမ်းသမား တစ်ယောက်လို ဖြစ်နေတယ်။ ECG လဲ ရိုက်ခွင့်မရဘူး၊ သူတို့ပေးတဲ့ ဆေးလေးတွေနဲ့ပဲ။ သူကမှာလို့ ဒီကနေ ယူသွားရင်လဲ တံခါးမှာ ထားထားသေးတယ်၊ မပို့ဘူး။ ဒီကနေ့ ဆေးစာနဲ့ သွင်းတာတောင်မှ မပေးဘူး။ လုံးဝတော့ မဟုတ်ဘူး။ (၃) ကဒ်လောက်မှာရင် တစ်ခြမ်းပေးလိုက်၊ တစ်လုံးပေးလိုက်။ အဲဒီလိုမျိုးတွေပေါ့။ သူ့မှာက သွေးတိုးကလဲရှိတယ်၊ နှလုံးကလဲရှိ အခု ‘လေ’က တစ်ခါ ထပ်ဖြန်းတယ် ဆိုတော့ နောက်ဆုံးက သေဖို့ပဲ ရှိတော့တယ်။”

တောင်ငူထောင်မှာ နှစ်ရှည် ထောင်ကျခံနေရတဲ့ ကိုညီညီဦးကို ထောင်အာဏာပိုင်တွေက ဆေးဝါးကုသခွင့် ပိတ်ပင်ထားတဲ့အကြောင်းကို ကိုညီညီဦးရဲ့ မိသားစုဝင်တစ်ဦးက ပြောပြသွားပါတယ်။ ကိုညီညီဦးဟာ သံလျင်ရေနံချက်စက်ရုံ ဗုံးဖောက်ခွဲမှု၊ နိုင်ငံတော် ပုန်ကန်မှုတို့နဲ့ (၁၉၉၈) ခုနှစ်မှာ သေဒဏ်ချမှတ် ခံခဲ့ရပါတယ်။ အဲဒီနောက် အာဏာပိုင်တွေက သူ့ကို သေဒဏ်ကနေ တသက်တကျွန်းပြောင်းလဲပြီး အင်းစိန်ထောင်ကနေ တောင်ငူထောင်ဆီ ပို့ဆောင်ခဲ့တာ ဖြစ်ပါတယ်။

အစသို့

## ဆန္ဒပြပွဲနှင့်ဆက်စပ်ပြီး အနည်းဆုံး လူ ( ၄ ) ဦးကို အာဏာပိုင်များ ထပ်မံဖမ်းဆီး

*၂၃ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇*

ဖေဖေါ်ဝါရီ–၂၂ ရက် နေ့လည်ပိုင်းက ရန်ကုန်မြို့လယ်မှာ ဖြစ်ပွားခဲ့တဲ့ ဆန္ဒပြပွဲနဲ့ဆက်စပ်ပြီး အနည်းဆုံး လူ (၄)ဦး ကို အာဏာပိုင်တွေကထပ်မံဖမ်းဆီးလိုက်ကြောင်းသိရှိရပါတယ်။ယမန်နေ့ ည(၉)နာရီခန့်မှာ သူတို့ရဲ့နေအိမ်တွေဆီ အထူးရဲများရောက်ရှိလာပြီး အခုလို ဖမ်းသွားတာဖြစ်တယ်လို့ မျက်မြင်တွေ့ရှိသူတဦး က ပြောကြားခဲ့ပါတယ်။ အဲဒီ (၄) ဦးကတော့ မြောက်ဥက္ကလာမှ အသက် (၄၀) နှစ် ဝန်းကျင်ရှိ ကိုလှမြင့်အေး၊ ကိုလှသိန်း၊ ကိုမျိုးဦး နှင့် ကန်တော်လေးမှ အသက်(၃၆) နှစ်အရွယ် မကြူကြူစန်း တို့ ဖြစ်ပါတယ်။ ဆန္ဒပြပွဲ ဖြစ်ပွားနေစဉ် က အဖမ်းခံလိုက်ရသူ ကိုထင်ကျော် နဲ့ဆိုရင် အခုချိန်ထိ ဖမ်းဆီးခံနေရသူ အနည်းဆုံး (၅) ဦး ရှိနေပြီလို့ သိရပါတယ်။

ကိုထင်ကျော် နဲ့အတူ မနေ့ကအဖမ်းခံခဲ့ရတဲ့ သတင်းထောက် (၃) ဦးကိုတော့ မနေ့ည (၁၀) နာရီခန့်မှာ ပြန်လွှတ်ပေးခဲ့တယ်လို့ သိရပါတယ်။ ကိုထင်ကျော်ကို အောင်သပြေ စစ်ကြောရေးစခန်းဆီ ခေါ်သွားတယ်လို့ သိရပေမဲ့ နောက်ထပ်ဖမ်းဆီးသူ (၄) ဦးကို ဘယ်မှာ ခေါ်ထားသလဲဆိုတာကိုတော့ မသိရသေးပါဘူး။ ဒ့ါအပြင် ဆန္ဒပြပွဲမှာပါဝင်သူလို့ သံသယရှိတဲ့အိမ်တွေကို ရဲကစောင့်ကြည့်နေပြီး တချို့အိမ်တွေကိုတော့ ဝင်ရောက်မေးမြန်း၊ စစ်ဆေးတာ၊ တချို့ မိသားစုတွေကို စစ်ကြောရေးစခန်းထိ ခေါ်ယူစစ်ဆေးတာတွေ လုပ်နေဆဲဖြစ်တယ်လို့ အဆိုပါ မျက်မြင်သက်သေတွေက ပြောပါတယ်။

ရန်ကုန် မြို့တော်ခန်းမရှေ့မှာ တော့ အခုချိန်ထိ အချုပ်ကားတွေ၊ စစ်ကားတွေရှိနေဆဲ ဖြစ်ပြီး၊ ဆူးလေဘုရားဝင်းနဲ့ သိမ်ကြီးဈေးလမ်းတလျှောက်က မီးပွိုင့်တွေမှာလဲ လုံခြုံရေး အစောင့်တွေ ရှိနေဆဲဖြစ်တယ်လို့ အခြားမြို့ခံတစ်ဦးက ပြောပါတယ်။ လမ်းသွား၊ လမ်းလာ တွေကြားမှာတော့ မနေ့ကဆန္ဒပြပွဲနဲ့ ပတ်သက်ပြီး အခုချိန်ထိ ‘တီးတိုး၊ တီးတိုး’ ပြောဆိုနေကြဆဲ ဖြစ်တယ်လို့ သိရပါတယ်။ ဒီကနေ့ထုတ် စစ်အစိုးရ သတင်းစာတွေမှာတော့ ဒီဆန္ဒပြပွဲကို‘ကြွေးကြော်၊ သောင်းကျန်းတဲ့ ရုန်းရင်းဆန်ခတ်မှု’ ဖြစ်တယ်လို့ ပုံဖော်ထားပြီး၊ စစ်ဥပဒေအရ အရေးယူခံရဖွယ် ရှိတယ်လို့ ခြိမ်းခြောက်ထားပါတယ်။

သို့ပေမဲ့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် အပါအဝင် ဒီမိုကရေစီ အဖွဲ့အစည်းတွေ ကတော့ ဒီဆန္ဒပြပွဲဟာ ပြည်သူတွေရဲ့ ဆန္ဒအစစ်အမှန်ကို ငြိမ်းချမ်းစွာထုတ်ဖော် ပြသတာဖြစ်တဲ့အတွက် ဘယ်ဥပဒေနဲ့မှ အရေးယူလို့မရဘူးလို့ ကြေညာချက်တွေ ထုတ်ပြန်ထားပါတယ်။ ယမန်နေ့က ဆန္ဒပြပွဲမှာပါဝင်ပြီး အခုချိန်ထိ ရှောင်တိမ်းနေရဆဲဖြစ်သူ အမျိုးသမီးကြီး (၂) ဦးရဲ့ ပြောကြားချက်ကတော့။ရှောင်တိမ်းနေကြတဲ့ မိသားစုတွေရဲ့ အမေတွေ၊ ညီမတွေ၊ သမီးသားတွေကို ညဘက်ကြီး လာခေါ်သွားပြီးတော့ တစ်ညလုံး ထားပြီးတော့ နောက်တစ်နေ့မနက်မှ ပြန်လွှတ်တယ်လို့ဆိုပါတယ်။

ဆန္ဒပြမှုမှာ ပါဝင်ခဲ့တဲ့– ဒေါ်စန်းစန်းမြင့် ကို ယမန်နေ့ ညဘက် အိမ်အပြန်၌ ဖမ်းဆီးရန် စောင့်သော်လည်း မတွေ့ရတဲ့ အတွက်၊ ၎င်းရဲ့သမီးဖြစ်သူ ကိုယ်ဝန်ဆောင်ထားသည့် မကြူကြူစန်း ကို မင်္ဂလာတောင်ညွန့် ရ–ယ–က နဲ့ထောက်လှမ်းရေးတွေ လာခေါ်သွားတာ ယခုအချိန်ထိပြန် လွှတ်မပေးသေးဘူးလို့သိရပါတယ် ။ အဲဒီလို သူတို့လိုချင်တဲ့သူတွေကိုသွားရှာ မရတဲ့အခါမှာတော့၊ တွေ့တဲ့လူကို ဖမ်းဆီး ခေါ်ယူနေတယ် ဆိုတဲ့ မတရားမှုမျိုးတွေကို သူတို့ ဆက်လက်ပြီး လုပ်နေပါတယ်။ ဒေါ်စန်းစန်းမြင့် ရဲ့ပြောပြချက်အရ–

“သမီးမှာ က ဘာမှ အပြစ်ရှိတာ မဟုတ်ပါဘူး ။ ကျမကို လာဖမ်းတဲ့အခါမှာ ကျမကို မတွေ့ဘူးပေါ့ ။ အဲဒီ တော့ အမေသွား တတ်တဲ့ နေရာ သမီးလိုက်ပို့ရမယ်”ပေါ့။

“အမေက သွားတဲ့နေရာတွေက အများကြီးတဲ့၊ အများကြီး မှာ ကျမ ဘယ်တွေ လိုက်ပို့ရမလဲ၊ ကျမလဲ မပို့တတ်ဘူး ၊ အမေ မရှိတဲ့အတွက် ကျမ မလိုက်နိုင်ဘူး” လို့ သမီးက ပြောတဲ့အခါ

-

“မဟုတ်ဘူး ခဏလိုက်ခဲ့ပါ ၊ မေးစရာလေးတွေရှိလို့ ပြန်လွှတ်မယ်”ဆိုပြီး ခေါ်သွားတာ အခုထိတော့ မလွှတ်သေးပါဘူး။

“ကျမကို ခေါ်ချင်ရင် ကျမရှိတဲ့အခါ ခေါ်ပေါ့။ ဒီလို အပြစ်မရှိတဲ့ သားသမီးတွေ၊ ဇနီးတွေ၊ မောင်တွေ၊ အကိုတွေ အဲဒီလို ခေါ်သွားတဲ့ ဟာကတော့ (လုံး၀) အဓိပ္ပါယ်လဲ မရှိဘူးပေါ့။” ဟုပြောပြသွားပါတယ်။

အစသို့

## သင်္ကန်းကျွန်းမြို့နယ်၌ စစ်အစိုးရ ဆန့်ကျင်ရေး စာရွက်စာတမ်းများ ကပ်

*၂၃ ၊ ဖေဖော်၀ါရီ ၊ ၂၀၀၇*

အခု နောက်ဆုံးရရှိတဲ့ သတင်းတစ်ပုဒ်အရ သင်္ကန်းကျွန်းမြို့နယ် (၁၆) ရပ်ကွက် အပိုင်း (၃) နေ ဦးသိန်းဇံ ရဲ့ နေအိမ်ခြံစည်းရိုးမှာ စစ်အစိုးရ ဆန့်ကျင်ရေး စာရွက် စာတမ်းတွေ ကပ်ထားတာ ကို ရဲ နဲ့ မ–၀–တ ကလာရောက် သိမ်းယူ တာကို လူ (၁၀၀) ခန့်က ဝိုင်းဝန်းကြည့်ရှုခဲ့တဲ့အတွက် နောက်ထပ် ဆန္ဒပြပွဲတစ်ခု ဖြစ်တယ်ဆိုပြီး ရန်ကုန်မှာ ပြောဆိုနေကြောင်း သိရပါတယ်။ ဒီကနေ့ မနက်ပိုင်းမှာ အဲဒီလို စာရွက်တွေလာကပ်ထားတာဖြစ်ပြီး နေလည် (၁၂) နာရီတိတိမှာ အာဏာပိုင်တွေကလာရောက်ဆွဲဖြဲခဲ့တာလို့ မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောပါတယ်။ အစိုးရဆန့်ကျင်ရေး စာရွက်စာတမ်းဆိုပေမဲ့ တကယ်တော့ မြန်မာ့အလင်း သတင်းစာပါ ဆောင်းပါး (၃)၊ (၄) ပုဒ်ကိုကပ်ထားခြင်းသာဖြစ်ပြီး၊ အဲဒီ အောက်မှာမှ၊ ‘ဟုတ်ပါ့မလား မောင်ကာဠုရယ်’ လို့ လက်ရေးနဲ့ ရေးပြီး သရော်ထားတာ ဖြစ်တယ်လို့ သိရ ပါတယ်။ စစ်အစိုးရဆောင်းပါးရှင်တွေ ဖြစ်တဲ့ ယံယံ ၊ ပေါက်စ ၊ ပဒိုအောင်ဆန်း စသူတို့ အနေဖြင့် မဟုတ်တမ်း ဆောင်းပါး တွေ လျှောက်ရေး နေမဲ့ အစားတကယ့် လူထုဆန္ဒ အမှန်တွေကို ရေးဖို့၊ လျှပ်စစ်စက်ရုံတွေ ဆောက်တာတွေချည်း မရေးဘဲ၊ လျှပ်စစ်မီး မရ ဖြစ်နေတာကိုလဲ ထည့်ရေးပေးဖို့ စသဖြင့် တိုက်တွန်းထားတယ်လို့ သိရပါတယ် ။ မနေ့က ဆန္ဒပြပွဲနဲ့ ဆက်စပ်ပြီး လူတွေကြား အထူး စိတ်ဝင်စားနေစဉ် အခုလို စာရွက်ကပ်မှု ပေါ်လာတဲ့အတွက် ဆန္ဒပြပွဲ ထပ်ဖြစ်တယ်ဆိုပြီး ပြောဆိုနေကြတာ ဖြစ်တယ်လို့ သိရပါတယ်။

အစသို့

## ရှမ်းခေါင်းဆောင်များ၏ အယူခံမှုကို မတ်လ ( ၁ ) ရက်နေ့၌ ထပ်မံ လျှောက်လဲမည်

*၂၃ ၊ ဖေဖော်၀ါရီ ၊ ၂၀၀၇*

နိုင်ငံတော်ပုန်ကန်မှုနဲ့ ထောင်အနှစ် (၈၀) ကျော် ချမှတ်ခံထားရတဲ့ ဦးခွန်ထွန်းဦးနဲ့ရှမ်းခေါင်းဆောင်တွေအတွက် အထူးအယူခံကို လာမဲ့ မတ်လ (၁) ရက် နေ့ မှာ ထပ်မံ လျှောက်လဲဖို့ ရှိကြောင်း အကျိုးဆောင် ရှေ့နေ ဦးအောင်သိန်း ရဲ့ပြောပြချက် အရ သိရပါတယ်။ ဦးခွန်ထွန်းဦး၊ စိုင်းညွန့်လွင်နဲ့ ဗိုလ်ချုပ်ဆေထင် အပါအဝင်ရှမ်းခေါင်းဆောင် (၈) ဦး ကို ပုဒ်မပေါင်း (၄၀) ကျော်၊ အမှုတွဲပေါင်း(၃၀) နီးပါးနဲ့ ထောင်ဒဏ် အနှစ် (၈၀) ကနေ (၁၀၆) နှစ်အထိ ချမှတ်ထားတာ ဖြစ်ပါတယ်။

ဒါ့ကြောင့် “(၂) သုတ်ခွဲပြီး အယူခံလျှောက်လဲနေ ရတယ်”လို့ ဦးအောင်သိန်း ကပြောပါတယ်။

“နိုင်ငံတော်ပုန်ကန်မှု အပါအဝင် စုစုပေါင်း အမှုတွဲ (၁၉) မှုကို မနေ့က လျှောက်လဲခဲ့ပြီးတဲ့နောက် ရှေ့လ (၁) ရက်နေ့မှာ နောက်ထပ် (၉) မှု ထပ်မံလျှောက်လဲရမယ်။ ကျန်တဲ့ သူတို့စွဲထားတဲ့ သစ် ကိစ္စတို့ ၊ အပက (၃)တို့ အများဆိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေ အပက (၃) အဲဒီသုံးခုအတွက်နဲ့က ထောင် အနှစ် (၂၀) ချထားတာ၊ အဲဒီ နှစ်ခုကလဲ ဦးဆေထင် ဘက်မှာ ပါတယ် ။ နောက်တစ်ခါ စိုင်းညွန့်လွင် ဆိုလဲနိုင်ငံတော်အကြည်အညို ပျက်စေမှုနောက်တစ်ခုထပ်စွဲထားတာရှိသေးတာကိုးဗျ။ (၁၂၄/က) အဲဒါနဲ့ပတ်သက်ပြီးတော့ အန်ကယ်က လျှောက်လဲပေးဖို့(အဲလိုပဲ)။ ဒီ– ခွန်ထွန်းဦး ဘက်ကလဲ အဲဒီ သူ့ကုမ္ပဏီထောင်တဲ့ကိစ္စတွေ၊ နောက် FE ကိစ္စတွေ အဲဒါတွေ လျှောက်လဲကြဖို့ ၊ အသေးစိတ် ပြောရမယ့် အမှုကတော့ (၉) မှုကျန်တယ် ။ ဦးခွန်ထွန်းဦး ကနည်းနည်း များမယ် ။ (၅) မှုလောက် ရှိမယ်။ နောက်ပြီးတော့– ဦးကြည်ဝင်း က (၃) မှုလောက်ရှိမယ်၊ ဗိုလ်ချုပ်ဆေထင် ဘက်က မြင့်သန်းတို့ (၄) ဦး၊ မျိုးဆက်သစ်က (၄)မှုရှိမယ်၊ နောက် –စိုင်းညွန့်လွင်က (၁) မှု ။ အားလုံး (၉) မှု ရှိမယ်။”

နိုင်ငံတော်ပုန်ကန်မှုအပါအဝင် အမှုပေါင်း (၁၉) မှု အတွက် မနေ့က လျှောက်လဲခဲ့ပုံကိုလဲ ဦးအောင်သိန်း က အခုလို ဆက်ရှင်းပြပါတယ်။

“မနေ့ကတော့ နှစ်ဦးထိုင်ပေါ့–နော်၊ တရားရုံးချုပ် နှစ်ဦးထိုင်၊ အထူးအယူခံဝင်ခွင့်ကို ပြောတာ ။ ရှေ့နေကတော့ ဦးတင်ဝင်း ရယ်၊ ဦးဉာဏ်ဝင်း ရယ်၊ ကျွန်နော် ရယ် သုံးယောက် ပြောကြတာ ။ ပြောတဲ့ အကြောင်းအရင်းတွေ ကတော့ (၁၉) မှု လောက်ရှိတော့၊ (၁၉) မှု အပေါ်မှာ သုံးယောက်ခွဲပြောတာပေါ့။ခွဲပြောတဲ့ ကိစ္စတွေက အဓိက ကတော့ နိုင်ငံတော် ပုန်ကန်မှုနဲ့ နိုင်ငံတော် အကြည်ညို ပျက်စေတယ်

ဆိုတဲ့ ကိစ္စတွေ၊ အသင်းအဖွဲ့စည်းမျဉ်းကိစ္စတွေ နောက်ပြီးတော့ အမျိုးသားညီလာခံကို ဆန့်ကျင်တယ်ဆိုတဲ့ ကိစ္စတွေ အဲဒီဟာတွေပေါ်မှာ ပြောတာ၊ အဲဒီကိစ္စအားလုံးကလဲ 'ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီ' ကိစ္စအပေါ်မှာဗဟိုပြုပြီးတော့ ဖြာထွက်လာတဲ့၊ ပုဒ်မတစ်ခုချင်းအလိုက် ခွဲ စွဲတဲ့ကိစ္စတွေ ပြောကြတာပေ့ါ ။ ပြောရရင်တော့ 'ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံ ကောင်စီ'၊ ကောင်စီ ဖွဲ့ပြီး ပြီ လား ? 'ဖြစ် မြောက်ရေး ကောင်စီလား'? ဆိုတဲ့အတိုင်းအတာတွေ အဲဒီ အပေါ်မှာ တစ်ဖက် ရှေ့နေသုံးယောက် ကသူတို့ ကိုင်တွယ်ထား တဲ့ ဦးခွန်ထွန်းဦး ရယ်၊ ဦးစိုင်းညွန့်လွင် ရယ်၊ နောက်ပြီး ဗိုလ်ချုပ်ဆေထင် နဲ့ မြင့်သန်း ပါ၊ လေးဦးရယ်ပေ့ါ၊ သူတို့အပိုင်းတွေကိုခွဲပြောတာပါပဲ။"

ဒီအယူခံကို လက်ခံ/မခံ မတ်လအကုန်ပိုင်းလောက်မှာ သိရမှာဖြစ်ပြီး လက်ခံခဲ့ရင်တော့ အမြင့်ဆုံးတရားသူကြီး (၃) ပါး ထိုင်တဲ့ အထူးတရားရုံးမှာ ဦးခွန်ထွန်းဦး တို့လွတ်မြောက်ရေးအတွက် နောက်ဆုံး အထူးအယူခံကိုလျှောက်လဲခွင့်ရရှိမယ် လို့ အကျိုးဆောင်ရှေ့နေ ဦးအောင်သိန်း ကပြောပြသွားပါတယ်။

**အစသို့**

## အင်းစိန်းထောင်တွင်း၌ နိုင်ငံရေးအကျဉ်းသားတစ်ယောက် အရိုက်နှက်ခံရ

*၂၃ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇*

အခုလ (၂၁) ရက်နေ့ ဗုဒ္ဓဟူးနေ့က အင်းစိန်ထောင်ထဲက နိုင်ငံရေးအကျဉ်းသားတစ်ဦးဖြစ်တဲ့ ကိုအောင်တင်ဝင်း ဆိုသူကို ထောင်အာဏာပိုင်တွေက ရိုက်နှက်ညဉ်းပမ်းမှုတွေ လုပ်ခဲ့ကြောင်း AAPP နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့ ကြေညာချက်မှာဖော်ပြထားပါတယ်။ AAPP သတင်းအရဆိုရင် ကိုအောင်တင်ဝင်းကို ထောင်မှူး ဦးတင်မောင်ဦးက ထောင်ပုံစံမထိုင်လို့ ဆိုပြီး ပြင်းထန်စွာထိုးကြိတ်ရိုက်နှက်ခဲ့တာလို့ သိရပါတယ်။ ဒီဖြစ်ရပ်နဲ့ ပတ်သက်လို့ နိုင်ငံရေးအကျဉ်းသားတွေက ထောင်ပိုင်ကြီးကို တိုင်ကြားထားပေမဲ့လည်း တစ်စုံတစ်ရာ ဆောင်ရွက်ပေးတာမရှိဘူးလို့လဲ AAPP သတင်းထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

**အစသို့**

## ဆန္ဒပြပွဲတွင် ဖမ်းဆီးခံရသူ နေအိမ်များသို့ ( ၈၈ ) ကျောင်းသားများ သွားရောက်အားပေး

*၂၄ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇*

(၂၂- ၂ -၀၇ )နေ့က ဆန္ဒပြပွဲနဲ့ဆက်စပ်ပြီး မနေ့က ဖမ်းဆီးခံလိုက်ရတဲ့ မြောက်ဥက္ကလာမှ ပုဂ္ဂိုလ် (၄) ဦးရဲ့ နေအိမ်တွေဆီ (၈၈) မျိုးဆက် ကျောင်းသားများ အဖွဲ့က သွားရောက်အားပေးခဲ့ပါတယ် ။ (၈၈)မျိုးဆက် ကျောင်းသားခေါင်းဆောင်တစ်ဦး း ဖြစ်တဲ့ ကိုဂျင်မီ က–

"ကျနော်တို့က ဒါကို (၈၈) မျိုးဆက် ကျောင်းသားတွေ အနေနဲ့ သွား အားပေးတာပါ။ မြောက်ဥက္ကလာ ဥဇနာလမ်း လမ်းသွယ် (၃) လား၊ (၄) လားတော့ မမှတ်မိတော့ဘူး။ အဲဒီမှာနေတဲ့ ကိုလှမြင့်အေးတို့အိမ်ကို ကျနော် သွားပါတယ်။ ကိုလှမြင့်အေး မိသားစုနဲ့ တွေ့တယ်။ ကိုလှမြင့်အေး မိသားစုကို ကျနော်က အချက် (၄) ချက် ရှင်းပြတယ်။

(၁)အချက်ကတော့ ကိုလှမြင့်အေး အခုလို ဖမ်းဆီးခံရတာနဲ့ ပတ်သက်ပြီးတော့ ကျနော်တို့ အားပေးဖို့လာတယ်။ ကျနော်တို့ စိတ်မကောင်းဘူး၊ သို့သော် ဂုဏ်ယူတယ်။ (၂) အချက်ကတော့ ကိုလှမြင့်အေးကို အခုလို ထိန်းသိမ်းထားတာနဲ့ ပတ်သက်ပြီးတော့ ဒါ မတရားဘူးလို့ ကျနော်တို့ ယူဆတယ်။ တရားမျှတမှု မရှိဘူး။ တရားမျှတမှု မရှိတဲ့အတွက် ကျနော်တို့က ရှိအောင်လို့ လွတ်မြောက်လာစေချင်တဲ့ ဆန္ဒရှိတယ်။ နောက် (၃) အချက်ကတော့ ဒီလူတွေကို တရားဥပဒေအရ ရင်ဆိုင်ဖို့ ရုံးတင်ဖို့လုပ်လာတယ်ဆိုရင်လဲ ကျနော်တို့က အဆင့်တိုင်းမှာ ခုခံကာကွယ်နိုင်ဖို့ တတ်နိုင်သမျှ စွမ်းဆောင်မယ်။ ပြီးတော့ အမှန်တရားအတိုင်း ပြောရရင် ဒီလူတွေကို သတင်းစာထဲမှာ ဖော်ပြထားသလို ဥပဒေအရ ရင်ဆိုင်ရဖွယ် ရှိတယ်ဆိုတော့ ဒီဥပဒေအရကိုက အရေးယူခွင့် မရှိဘူးဆိုတဲ့ အကြောင်းကို ပြောပြတယ်။ နောက် (၄) ကိုလှမြင့်အေး လို လူမျိုးတွေအတွက် မိသားစုအနေနဲ့ စိုးရိမ်ပူပန်ဖို့မရှိဖို့ ကျနော်တို့က အတတ်နိုင်ဆုံးလာရောက်အားပေးမယ်၊ တတ်နိုင်သမျှ ကူညီမယ်၊ ဒီအတွက် လာတာဆိုပြီး ကျနော်တို့ ပြောပြတယ်လေ။ အဲဒါပြီး ဘယ်သွားလဲဆိုတော့– ကိုမျိုးဦး ရဲ့ အိမ်ကိုရောက်တယ်။ ကိုမျိုးဦး မိသားစုတွေနဲ့ တွေ့တယ်။ နောက်ပြီးတော့ ကိုလှသိန်း အိမ်ကို ရောက်တယ်။"– မြောက်ဥက္ကလာက ဖမ်းဆီးခံသူတွေကို သွားရောက်အားပေးတာနဲ့ ပတ်သက်ပြီး (၈၈) ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ကိုဂျင်မီ ပြောသွားတာဖြစ်ပါတယ်။

ဆက်လက်ပြီး ဖမ်းဆီးခံရသူတွေဟာ အဖွဲ့ချုပ်ပါတီဝင် ဟောင်းတွေဖြစ်တယ်။ဒီဆန္ဒပြပွဲကို အဖွဲ့ချုပ် အားပေးအားမြောက် ပြုနေတယ် ဆိုတဲ့ကောလာဟလ သတင်းတွေနဲ့ ပတ်သက်ပြီး အဖွဲ့ချုပ်ရဲ့ သဘောထားကို မေးမြန်းကြည့်တဲ့အခါ– "ဒီ ဆန္ဒပြမှုမှာ အဖမ်းခံရတဲ့ လူငယ်တွေနဲ့ ပတ်သက်လို့ ဒါနဲ့ ပတ်သက်ပြီး NLD ပါတီဝင် ဟုတ်/မဟုတ် ။ NLD ပါတီဝင် ဖြစ်နေတယ်။ စသဖြင့်

ဒါတွေ မေးမြန်းလာတဲ့ အနေအထားတွေ ရှိပါတယ်။ အဲဒါကို ပြန်သုံးသပ်လိုက်တဲ့အခါမှာ ကျနော်တို့က NLD ပါတီဝင် ဖြစ်တာ/မဖြစ်တာ က အဓိက မကျဘူးလို့ ကျနော်ယူဆပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒါဟာ ပြည်သူရဲ့ ဆန္ဒထုတ်ဖော်ကြတာ။ ပြည်သူ့ဆန္ဒအစစ်အမှန် ဟုတ်မဟုတ်သာ အဓိက ကျလိမ့်မယ်။ ပထမအချက်အနေနဲ့ ကျနော် ယူပါတယ်။ ထိုအတူပဲ ပြည်သူ့ဆန္ဒ တင်ပြကြတဲ့ အချက်အလက်တွေကလဲ တကယ်တမ်း ဖြစ်ပေါ်နေတဲ့ ပြည်သူတွေခံစားနေရတဲ့ ဒုက္ခ၊ ပြည်သူတွေ ခံစားနေရတဲ့ ခံစားချက် ဟုတ်မဟုတ်ဆိုတာကလဲ ပိုပြီး အဓိက ကျလိမ့်မယ်လို့ ယူဆပါတယ်။ အဲဒီတော့ NLD ပါတီဝင် ဖြစ်တယ်၊ မဖြစ်ဘူးဆိုတာကတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ပြည်သူအတွက် ရပ်တည်ပြီးတော့ ဒီမိုကရေစီရေး ဖော်ဆောင်နေတဲ့ အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ အဲဒါကြောင့် ကျနော်တို့က ဒီမိုကရေစီအရေးရဲ့ အခြေခံဖြစ်တဲ့ ပြည်သူ့ဆန္ဒထုတ်ဖော်ဖို့ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်တဲ့ အနေအထားမျိုးရအောင် ကျနော်တို့က ကြိုးစားနေတဲ့ အဖွဲ့အစည်းတစ်ရပ် ဖြစ်တဲ့အတွက်ကြောင့်မို့ ပြည်သူ့ဆန္ဒထုတ်ဖော်တဲ့ လုပ်ရပ်ကိုတော့ ကျနော်တို့က နောင်လဲ ဒီလိုဟာမျိုးဖြစ်အောင် ကြိုးပမ်းနေတဲ့ အဖွဲ့ဖြစ်တဲ့အတွက်ကြောင့် ကျနော်တို့က ကြိုဆိုတယ်။ ဒီအပေါ်မှာ ကျနော်တို့ ပါတီအနေနဲ့ ဆောင်ရွက်ပြီးတော့ ကိုယ့်အဖွဲ့ဝင်တွေကို ဒီလိုလုပ်ဖို့ဆိုတဲ့ ညွှန်ကြားချက်တော့ မရှိဘူး။ ဒါပေမဲ့ တဦးချင်း ဒီလို သူတို့ဆန္ဒ အစစ်အမှန်အရ လုပ်ဆောင်တဲ့ အပေါ်မှာတော့ ကျနော် ဘာမှ မပြောလိုပါဘူး။" အဖွဲ့ချုပ်ပြောခွင့်ရ ပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ဦးမြင့်သိန်း ဖြစ်ပါတယ်။

အခုဆက်ပြီး ဒီလို ဖမ်းဆီးမှု တွေအပေါ် လူ့အခွင့်အရေး ရှေ့နေတစ်ဦးရဲ့ အမြင်ကို တင်ပြလိုပါတယ်။ "လက်ရှိ အစိုးရမှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေအရဆိုရင်တော့ ဥပဒေကြောင်းအရ အရေးယူလို့ မရဘူး။ ဘာကြောင့်မရလဲဆို သူက လူ (၅) ဦးထက် မပိုရဆိုပေမဲ့ ငြိမ်းချမ်းစွာ ဆန္ဒပြတာ၊ ပြည်သူလူထု ရုတ်ရုတ် ဖြစ်အောင် လုပ်တာ မဟုတ်ဘူး။ ဗနာက်တစ်ချက်က(ဘာလဲဆိုတော့) လက်ရှိ န-အ-ဖ အစိုးရအနေနဲ့ သူရေးထားတဲ့ ဥပဒေကို သူကစတင်ပြီး ချိုးဖောက်တာလေ။ ဘာကြောင့်လဲဆို သူလက်သတ်မွေးထားတဲ့ တပည့်တွေကို အမေရိကန်သံရုံးရှေ့မှာ ဆန္ဒပြတယ်၊ ဗြိတိန်သံ ရုံးရှေ့မှာဆန္ဒပြတာကြတော့ မဖမ်းဘူး။ မဖမ်းတဲ့အတွက် ကျနော်တို့က အဲဒါ နံပါတ် (၁) အချက် သူပြဋ္ဌာန်းထားတဲ့ ဥပဒေကို သူကိုယ်တိုင် ချိုးဖောက်တာ။ နောက်တစ်ချက်က သူတို့က တိုင်းပြည်မှာ မတရား လုပ်တာတွေ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ တရားရေးဌာန၊ လျှပ်စစ်ဌာတွေ တိုင်ပါဆိုပြီး တယ်လီဖုန်း နံပါတ်ပေးတယ်။ တရားရေးဌာနက တရားရေးဌာနကလူတွေ၊ တရားသူကြီးတွေ၊ ဥပဒေအရာရှိတွေဖြစ်ရင် တိုင်ပါလို့ ပြောတယ်။ ကျနော်ပြောမယ် ဦးအောင်စိုး လို လူမျိုး၊ ဦးတင်အောင်ဟိန်း လို လူမျိုး သူတို့က စပြီးတော့ လာဘ်စားနေတာကို ပြည်သူက ဘယ်သွားတိုင်ရမှာလဲ။ အောက်ကလူကို တိုင်လဲ မထူးဘူးဆိုတာ လူထုကသိတယ် ။ ဒီလိုတိုင်နည်းနဲ့ ကျနော်တို့က ဖော်ထုတ်လို့ မရတဲ့အတွက် အခု ရန်ကုန်မြို့မှာ သူရဲကောင်းလူငယ်တစ်စုက ပြည်သူလူထုကိုယ်စား ကုန်ဈေးနှုန်းတွေ ချပေးပါ၊ လျှပ်စစ်မီးတွေ (၂၄) နာရီ ရအောင်လုပ်ပေးပါ၊ ခုနကလို တိုင်ပြီး ဖော်ပြလိုက်တာပါပဲ။ တကယ်အစစ်အမှန် တိုင်နည်းကတော့ လူငယ်တွေ ဆန္ဒပြတဲ့နည်းက အစစ်အမှန် တိုင်နည်းပဲ ။ ဒီလိုဟာမျိုးတွေကို သတင်းရတဲ့အတွက် ကျေးလက်တွေကပါ ကြိုဆိုတယ်။ သူတို့ မလုပ်ရဲတာကို သူ့တို့ကိုယ်စား အရှေ့ကနေ အဖမ်းခံတယ်၊ စံပြ ဖြစ်သွားလို့ သူရဲကောင်းအဖြစ် သတ်မှတ်တယ်။ များများပေါ်လာရင် သူတို့လည်း ထ ထွက်လာမှာပဲ။ ကျနော်ပြောသလို ထမင်းတော်တဲ့လူက များနေလို့ ထမင်းတော်တဲ့ ဗိုက် ကျည်ဆံမကြောက်တဲ့ ဘဝကို န-အ-ဖ အစိုးရ နည်းလည်စေချင်တယ်။"

ရန်ကုန်မြို့လယ်က ဆန္ဒပွဲဟာ တကယ့်လူထုရဲ့ သဘောထား အစစ်အမှန် ဖြစ်တာကြောင့် တည်ဆဲဥပဒေအရ အရေးမယူနိုင်တဲ့အတွက် လယ်သမားတွေအပါဝင် လူထုတစ်ရပ်လုံး ဝိုင်းဝန်းဆန္ဒပြဖို့ လိုနေတဲ့အကြောင်း ပဲခူးမြို့မှ ရှေ့နေဦးအေးမြင့် ကတိုက်တွန်းသွားပါတယ်။

အစသို့

## လူထုဆန္ဒထုတ်ဖော်သည့် ဆန္ဒပြပွဲနှင့်စပ်လျဉ်း၍ နောက်ထပ် ( ၂ ) ဦး ထပ်မံဖမ်းဆီး

*၂၄ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇*

ကြာသပတေးနေ့ နေ့လည်ပိုင်းက ရန်ကုန်မြို့လယ်မှာ ဖြစ်ပွားခဲ့တဲ့ ဆန္ဒပြပွဲနဲ့ ဆက်စပ်ပြီး နောက်ထပ် အနည်းဆုံး (၂) ဦး၊ ထပ်မံဖမ်းဆီးခံလိုက်ရကြောင်း သိရပါတယ်။ သူတို့ရဲ့ အမည်နဲ့ နေရပ်ကတော့ ညောင်တုန်းမြို့မှ ကိုထွန်းထွန်းနဲ့ မြောက်ဥက္ကလာမှ ကိုတင်ဝင်းတို့ ဖြစ်တယ်လို့ ရန်ကုန်ရှိ နိုင်ငံရေးသတင်းရပ်ကွက် တခုက ဒီဗွီဘီကို ပြောကြားခဲ့ပါတယ်။ မနေ့ညက ဖမ်းသွားတယ်လို့သာ သိရပြီး ဘယ်မှာဖမ်းတယ်၊ အခု ဘယ်မှာ ထိန်းသိမ်းထားတယ် ဆိုတာကိုတော့ သူတို့ကိုယ်တိုင်လဲ သိခွင့်မရသေးဘူးလို့ အဆိုပါ သတင်းရပ်ကွက်က ပြောပါတယ်။ ကိုထွန်းထွန်းနဲ့ ကိုတင်ဝင်းတို့ကိုပါ ပေါင်းရင် ကြာသပတေးနေ့ ဆန္ဒပြပွဲနဲ့ ပတ်သက်ပြီး ဆက်စပ်ဖမ်းဆီးခံရသူ အနည်းဆုံး (၇) ဦး ရှိသွားပြီ ဖြစ်ပါတယ်။ အခြား (၅) ဦးကတော့ ဆန္ဒပြပွဲအတွင်း ဖမ်းဆီးခံရသူ ကိုထင်ကျော်၊

အဲဒီနေ့ ညပိုင်းမှာ နေအိမ်တွေဆီ ဝင်ရောက်ဖမ်းဆီးခံရသူ မြောက်ဥက္ကလာမှ ကိုလှမြင့်အေး၊ ကိုလှသိန်း၊ ကိုမျိုးဦး နဲ့ ကန်တော်လေးမှ မကြူကြူစန်း တို့ ဖြစ်ပါတယ်။

အခု သတင်းတပုဒ်အရ မြောက်ဥက္ကလာမှ အသက် (၅၀) ကျော်အရွယ် အိမ်ရှင်မတဦးဖြစ်သူ ဒေါ်မေဝင်းကို ဒီဆန္ဒပြပွဲမှာ ပါဝင်မှုနဲ့ အခုည (၈) နာရီခန့်မှာ ဖမ်းဆီးသွားတယ်လို့ သိရပါတယ်။ (၉) တန်း ကျောင်းသားဖြစ်သူ သူမရဲ့သား စာမေးပွဲကိစ္စအတွက် စမ်းချောင်းမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်လှိုင်ရဲ့ နေအိမ်ဆီလာပြီး အကူအညီ တောင်းနေစဉ် နယ်မြေခံရဲ နဲ့ မ–ယ–က က အင်အားသုံး ဝင်ရောက်ဖမ်းဆီးသွားတာ ဖြစ်တယ်လို့ အိမ်ရှင်ဦးညွန့်လှိုင်က ပြောပါတယ်။ ဒေါ်မေဝင်းဘက်ကနေ သူမရဲ့ စားဝတ်နေရေး ကြပ်တည်းတာကို န–အ–ဖ လူကြီးတွေသိအောင် ရိုးသားစွာ ဆန္ဒ တင်ပြခြင်းသာ ဖြစ်ကြောင်း၊ တခြား ဘာရည်ရွယ်ချက်မှ မရှိကြောင်း ရှင်းပြပေမဲ့ ရဲအရာရှိတွေက လက်မခံဘဲ ဆွဲလား၊ ရမ်းလားနဲ့ ဖမ်းဆီးသွားတာ ဖြစ်တယ်လို့ သိရပါတယ်။ လာမဲ့ တနင်္လာနေ့မှာ စာမေးပွဲဖြေရမဲ့ အသက် (၁၄) နှစ်အရွယ်၊ (၉) တန်း ကျောင်းသားလေး တဦးတည်းသော သားလေးအတွက် စာမေးပွဲပြီးတဲ့အထိ စောင့်ခွင့် ပေးပါဦး ဆိုတာကိုတောင် လက်မခံဘဲ ဖမ်းဆီးသွားတယ် လို့ ဦးညွန့်လှိုင် က အခုလို ပြောပြထားပါတယ်။

"ဒေါ်မေဝင်း ကို ဖမ်းခေါ်သွားပြီ ။ မြောက်ဥက္ကလာက ရဲတပ်ဖွဲ့ရော၊ စမ်းချောင်း ရ–ယ–ကရောက ဖမ်းတာ။ အခုပဲ ခေါ်သွားကြတာ။ (၇) နာရီ (၄၀) ။ လာဖမ်းတဲ့သူတွေကို ကျနော်က ပြောပြတယ်လေ၊ ခင်ဗျားတို့ ဗမာပြည်သားတွေပဲ အေးအေးကြည်ကြည်နဲ့ မှန်မှန် လုပ်၊ ရုပ်ပျက်ဆင်းပျက်ကြီး သိပ်မလုပ်ပါနဲ့၊ နောက်တော့လဲ– ဘာညာ ဆိုပြီး ဆွဲခေါ်သွားတယ်။ အဲဒီလို မလုပ်ဘဲနဲ့ ခင်ဗျားတို့ သူပြောတာကို နားလည်ဖို့ကောင်းတယ်လို့ –သူ့သားလေးက စာမေးပွဲဖြေဖို့ တန်းလန်း (၉) တန်းကျောင်းသားလေး။ အဲဒီတော့ ကျနော်တို့ သူ့ကို တာဝန်အရ ဖမ်းသွားပြီဆိုရင် သူ့သားလေးနဲ့ သူနဲ့ ဒီစာမေးပွဲရက် ကြားထဲမှာ အဆက်အသွယ် လုပ်ပေးဖို့ အရေးကြီးတယ်လို့ ကျနော် အဲဒီလို ပြောလိုက်တယ်လေ။" ဒေါ်မေဝင်း အဖမ်းခံလိုက်ရတာနဲ့ ပတ်သက်ပြီး အိမ်ရှင်ဦးညွန့်လှိုင် ပြောသွားတာ ဖြစ်ပါတယ်။

အခုဆက်ပြီး ဒီလို ဖမ်းဆီးခံရလိမ့်မယ် ဆိုတာကို ကြိုသိနေတဲ့ ဒေါ်မေဝင်းတယောက် အဖမ်းမခံရမီ နေ့လည်ပိုင်းက ကြိုတင်ပြောကြား ထားတာကို တင်ပြပေးမှာ ဖြစ်ပါတယ်။ "အန်တီတို့ (၂၂ ) ရက်နေ့ ညနေ (၃) နာရီခွဲလောက်မှာ ဖြစ်ပေါ်ခဲ့တဲ့ ပြည်သူလူထုနဲ့ အန်တီတို့ ရင်ထဲမှာရှိတဲ့ ဆန္ဒသဘောတရားတွေကို ငတ်နေတာကို ငတ်နေပါပြီ၊ လူမှုရေး အကြပ်အတည်းတွေ ဖြစ်နေပါပြီလို့ နိုင်ငံတော် အကြီးအကဲတွေကို ငြိမ်းချမ်း၊ အေးဆေးစွာနဲ့ ဆန္ဒပြ တောင်းဆိုခဲ့တယ်။ အဲဒီပွဲကြီးကနေပြီးတော့ ပါဝင်ဆောင်ရွက်တဲ့ အပြစ်မရှိတဲ့ မောင်ထင်ကျော် အပါအဝင် (၄) ဦးကို ဖမ်းဆီးတယ်။ အဲဒီလို ဖမ်းဆီးထားမှုနဲ့ သူတို့ ဒီလို နှိပ်ကွပ်မှုတွေကို မရပ်တဲ့အပြင် နောက်ထပ် ဒီလို စုံစမ်းနေတယ်၊ လွတ်လပ်မှု မရှိတဲ့ ပြည်သူတယောက်ဟာ ဟိုသွားလဲ နောက်က တကောက်ကောက်လိုက်၊ ဒီသွားလဲ နောက်က တကောက်ကောက် လိုက်ပြီးတော့ နှောင့်ယှက်မှုတွေ လုပ်နေခြင်းသည် အန်တီတို့ ရင်ထဲမှာ ဖြစ်ပေါ်တောင်းဆိုနေတာတွေ ရပ်တန့်သွားမယ်လို့ သူတို့က ယူဆနေတာလား။ အဲဒီလိုမျိုး နှိပ်ကွပ်ဖမ်းဆီးနေမယ်ဆိုရင် ကျမတို့က ရင်ထဲမှာ ဖြစ်ပေါ်နေတဲ့ ဆန္ဒတရားတွေကို ဖော်ထုတ်ခွင့်တွေကို ကျမတို့က တိုးမြှင့်တောင်းပါပဲ။ အခုလဲပဲ ကုန်ဈေးနှုန်း ကျဆင်းရေးကို တောင်းတာ၊ ကုန်ဈေးနှုန်း မကျမခြင်း ကျမတို့ အမျိုးသမီး အိမ်ရှင်မတွေဟာ ကုန်ဈေးနှုန်း ကျသွားတဲ့အထိ လူမှုပြဿနာတွေ ပြေလည်သွားတဲ့အထိ နိုင်ငံတော် အကြီးအကဲတွေကို အဆက်မပြတ် တောင်းဆိုဆန္ဒပြ ငြိမ်းချမ်းစွာနဲ့ တင်ပြသွားမယ်ဆိုတာကို ကြေညာပေးပါ။" ဒီကနေ့ ည (၈) နာရီဝန်းကျင်မှာ အာဏာပိုင်တွေရဲ့ ဖမ်းဆီးခြင်းကို ခံလိုက်ရသူ မြောက်ဥက္ကလာမှ အိမ်ရှင်မတဦးဖြစ်သူ ဒေါ်မေဝင်း ကြိုတင်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ အခုချိန်မှာတော့ သူမကို စမ်းချောင်းရဲစခန်းမှာပဲ ထိန်းသိမ်းထားတယ်လို့ ယူဆရပြီး ဒီမိုကရေစီ လိုလားသူတွေက သူမအတွက် ဥပဒေကြောင်းအရ အတတ်နိုင်ဆုံး ကူညီပေးဖို့ ပြင်ဆင်နေကြောင်းလဲ သိရပါတယ်။

အစသို့

## ဆန္ဒပြပွဲမှာ ဦးဆောင်ပါဝင်သူတွေကို ဖမ်းဆီးထောင်ချရင် ပြည်သူလူထု ဘာဆက်လုပ်မလဲ?

*၂၅ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇*

ပြီးခဲ့တဲ့ ကြာသပတေးနေ့က ရန်ကုန်မြို့လယ်မှာ ဆန္ဒပြပွဲတခု ဖြစ်ပွားပြီး ကုန်ဈေးနှုန်း ကျဆင်းရေးနဲ့ လျှပ်စစ်မီး (၂၄) နာရီ ရရှိရေးအတွက် တောင်းဆိုသွားတာကို အားလုံး ကြားခဲ့ပြီး ဖြစ်ပါလိမ့်မယ်။ တကယ်တော့ ဒီတောင်းဆိုချက်တွေဟာ အခု ဆန္ဒပြခဲ့တဲ့ လူတစ်စုတည်းနဲ့သာ သက်ဆိုင်တာမဟုတ်ဘဲ တစ်နိုင်ငံလုံးက ပြည်သူတစ်ရပ်လုံးနဲ့ သက်ဆိုင်တဲ့ ပြည်သူတွေ နေ့စဉ်ခံစားနေရတဲ့ အချက်တွေ ဖြစ်တယ်ဆိုတာကို အားလုံး သိပြီးဖြစ်မှာပါ။ ဒါပေမဲ့ စစ်အစိုးရကတော့ ဒါတွေဟာ လူထုဆန္ဒ အစစ်အမှန် မဟုတ်ဘဲ ဆူပူသောင်းကျန်းလိုသူ တစ်စုရဲ့ 'ရှန်းရင်းဆန်ခတ်' မှုသာ၊ ဖြစ်တာကြောင့် သူတို့ စိတ်ကြိုက်ထုတ်ထားတဲ့ ဥပဒေတွေအရ

အရေးယူမယ်လို့ သတင်းစာတွေကနေ သတိပေးလိုက်ပါတယ်။ ဒီနေရာမှာ မေးစရာဖြစ်လာတာကတော့ ဒီမိုကရေစီ ပန်းတိုင်ဆီ ဦးတည်နေပါတယ်လို့ ကြေညာထားတဲ့၊ ပြည်သူတွေရဲ့ မကျေနပ်ချက်တွေကို သက်ဆိုင်ရာ ဌာနတွေဆီ လွတ်လပ်စွာ တိုင်ကြားနိုင်ပါတယ်လို့ တရားဝင်ကြေညာထားတဲ့၊ စစ်အစိုးရဟာ ဒီလူငယ်တွေကို တကယ်ပဲအရေးယူတော့မှာလား၊ ဒီလူငယ်တွေ တင်ပြခဲ့တဲ့ အချက်လက်တွေ မှန်ကန်မှုရှိမရှိ လူထုဆန္ဒအစစ်မှန် ဟုတ်မဟုတ် ဆိုတာကို အလေးမထားဘဲ စိတ်ဆိုးမာန်ဆိုးနဲ့ ထင်ရာကြဲ ဖမ်းဆီးတော့မှာလား?၊ ဒီလို ဖမ်းဆီးအရေးယူ လိုက်မယ်ဆိုရင် လူ ပေါင်းသန်း (၅၀) ကျော်က ဒီတိုင်းပဲ ငြိမ်ခံနေမှာလား၊ တစ်နည်းအားဖြင့်ပြောမယ်ဆိုရင်တော့ ဒီဆန္ဒပြပွဲဟာ ဖမ်းဆီးမှုတွေကြောင့် တစ်ပွဲတည်းနဲ့ပဲ ပြန်လည် ငြိမ်သက်သွားမှာလား?၊ ဒါမှမဟုတ် မကြာခင် ဖြစ်လာတော့မဲ့ ဆန္ဒပြပွဲကြီးတွေ အတွက် ရှေ့ပြေးနမူနာ တစ်ခုလား?

**“ကုန်ဈေးနှုန်း ကျဆင်းရေး – ပြည်သူ့အရေး । ပြည်သူ့အရေး။”**
**“လျှပ်စစ်မီး (၂၄) နာရီ ရရှိရေး – ပြည်သူ့အရေး । ပြည်သူ့အရေး။”**
**“ပညာအခမဲ့ သင်ခွင့်ရရှိရေး – ပြည်သူ့အရေး । ပြည်သူ့အရေး။”**
**“ကျန်းမာရေး စောင့်ရှောက်မှု အပြည့်အဝ ရရှိရေး – ပြည်သူ့အရေး । ပြည်သူ့အရေး။”**
**“မတရားကုန်များ လျှော့ပေါ့ရေး – ပြည်သူ့အရေး । ပြည်သူ့အရေး။”**

ကြာသပတေးနေ့ နေ့လည်ပိုင်းက ရန်ကုန်မြို့လယ် မဟာဗန္ဓုလ လမ်းမကြီးပေါ်ကနေ ထွက်ပေါ်လာနေတဲ့ ကြွေးကြော်သံတွေပဲ ဖြစ်ပါတယ်။

သိမ်ကြီးဈေးကနေ မြို့တော်ခန်းမဆီအထိ ချီတက်လာတဲ့ ဒီဆန္ဒပြလူငယ်၊ လူလတ်ပိုင်း ဆန္ဒပြသူတွေဟာ အရင်က မြို့တော်ခန်းမရှေ့တစ်ကိုယ်တော်ဆန္ဒပြသူတွေလိုပင်နီတိုက်ပုံ ဝတ်ထားခြင်းမရှိသလို သံရုံးတွေရှေ့ ဆန္ဒပြသူတွေလိုလို ကြံ့ဖွံ့ယောင်ယောင် အင်္ကျီတွေ ဝတ်ထားမျိုးလဲ မရှိပါဘူး။ သာမန်ပြည်သူတွေလိုဝတ်၊ သာမန်ပြည်သူတွေရဲ့ ဆန္ဒတွေကိုသာ ကြွေးကြော်နေတဲ့အတွက် လမ်းသွားလမ်းလာ သာမန်ပြည်သူတွေ အတော်များများ ပူးပေါင်းပါဝင်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒ့ါအပြင် သူတို့ရဲ့ တောင်းဆိုချက်တွေဟာလဲ အရင်က တစ်ကိုယ်တော်သမားတွေ တောင်းဆိုခဲ့သလို ညီလာခံ ရပ်ဆိုင်းရေး၊ အာဏာလွှဲပေးရေး၊ သုံးပွင့်ဆိုင်ဆွေးနွေးရေး၊ နိုင်ငံရေးအကျဉ်းသား လွှတ်ပေးရေးတွေ မပါသလို သံရုံးရှေ့က ကြံ့ဖွံ့လက်ဝေခံ အဖွဲ့တွေလိုမျိုးလဲ အမေရိကန် ဆန့်ကျင်ရေး၊ ညီလာခံထောက်ခံရေး တောင်းဆိုချက်တွေလဲ မပါဝင်ခဲ့ပါဘူး၊ ဆန္ဒပြအဖွဲ့ရဲ့ကြွေးကြော်သံ ဘာတွေထူးခြားနေသလဲ ဆိုတာကို အသေအချာ ပြန်လည်နားထောင်ကြည့်ရအောင်ပါ။

“ကုန်ဈေးနှုန်း ကျဆင်းရေး – ပြည်သူ့အရေး၊ ပြည်သူ့အရေး။”
“လျှပ်စစ်မီး (၂၄) နာရီ ရရှိရေး – ပြည်သူ့အရေး၊ ပြည်သူ့အရေး။”
“ပညာအခမဲ့ သင်ခွင့်ရရှိရေး – ပြည်သူ့အရေး၊ ပြည်သူ့အရေး။”

“ကျနော်တို့ဟာ တစ်တိုင်းပြည်လုံးမှာ ဒုက္ခရောက်နေတဲ့ ပြည်သူတွေပါ။ ပြည်သူကြီးများကိုယ်စား ကျနော်တို့ ဆန္ဒပြ တောင်းဆိုတာပါ။ ငြိမ်းချမ်းရေးနဲ့ အေးချမ်းရေးကို လိုလားနေသော ပြည်သူလူထုကြီးကိုယ်စား ဒီကနေ့ ကျနော်တို့ တောင်းဆိုနေတာပါ။ ကျနော်တို့ရဲ့ ဆန္ဒတွေဟာ မိဘပြည်သူများနဲ့ တစ်ထပ်တည်း ဖြစ်ပါတယ်။ လျှပ်စစ်မီး (၂၄) နာရီ ရရှိရေးဟာ အမှန်တကယ် လူသားတိုင်း လိုအပ်ပါတယ်။ “ဗိုလ်ချုပ်မှူးကြီး သန်းရွှေနဲ့တကွ နိုင်ငံတော် အကြီးအကဲအားလုံး – ကျန်းမာပါစေ၊ ချမ်းသာပါစေ။ ကျနော်တို့ ပြည်သူတွေရဲ့ တောင်းဆိုချက်တွေကိုလဲ ရိုးသားပွင့်လင်းစွာ လိုအပ်ချက်တွေကိုလဲ ဖြည့်ဆည်းပေးလိမ့်မယ်လို့ ကျွန်နော်တို့ ယုံကြည်ပါတယ်။”တဲ့

“လျှပ်စစ်မီး (၂၄) နာရီ ရရှိရေး – ပြည်သူ့အရေး၊ ပြည်သူ့အရေး။”
“လျှပ်စစ်မီး (၂၄) နာရီ ရရှိရေး – ပြည်သူ့အရေး၊ ပြည်သူ့အရေး။”

အားလုံးကြားခဲ့တဲ့အတိုင်း ဒီနေ့ လူတိုင်းရင်ဆိုင်နေရတဲ့ ကုန်ဈေးနှုန်းကျဆင်းရေး၊ လျှပ်စစ်မီး (၂၄) နာရီ ရရှိရေးတွေကိုသာ တောင်းဆိုခဲ့ပြီး ဒီတောင်းဆိုချက်တွေကို လိုက်လျောပေးဖို့နဲ့ ‘ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ အပေါင်းပါတွေ ကျန်းမာ၊ ချမ်းသာပါစေ’ လို့တောင် ကြွေးကြော်သွားတာဟာ ယဉ်ကျေးသိမ်မွေ့ လွန်းတဲ့ ခေတ်သစ်ဆန္ဒပြပွဲလို့တောင် တင်စားရမလို ဖြစ်လာနေပါတယ်။ ဒ့ါအပြင် အရင်က ကြွေးကြော်နေကြ“တို့အရေး၊ တို့အရေး” အစား “ပြည်သူ့အရေး၊ ပြည့်သူ့အရေး”လို့ တိကျတဲ့ စကားလုံးတွေကို အသေအချာရွေး ပြီး သွားတာကလဲ ထူးခြားနေပြန်ပါတယ်၊ ဒါပေမဲ့ ဆန္ဒပြသူတွေဘက်က သိမ်မွေ့သလောက် စစ်အစိုးရကဘက်တော့ ကြမ်းကြမ်းတမ်းတမ်း ရိုင်းရိုင်းစိုင်းစိုင်း ပြန်လည် တုံ့ပြန်ခဲ့ပါတယ်။ မြန်မာ့အလင်း သတင်းစာမှာ ဖော်ပြတာတွေ ကျနော်တို့ ဖတ်ရတယ်။ အဲဒီတော့ ကျွန်နော်က နှစ်ခုသွားပြီးတော့ ယှဉ်ကြည့်မိတယ်။ အရင်တစ်ခေါက် သံရုံးရှေ့ ဆန္ဒပြတာတွေ ကျတော့ ဒါ‘ပြည်သူတွေရဲ့ သဘောထား’ ဖြစ်တဲ့အတွက်ကြောင့် ဒါဟာ ငြိမ်းချမ်းစွာ ဆန္ဒပြတာ ဖြစ်တယ်ဆိုပြီးတော့ ဒါကို တကယ့်ဂုဏ်ပြုတဲ့ သဘောမျိုး ရေးသားတာမျိုး

တွေ့ရတယ်။ အခု ဒီမှာ ဒီလူစုက တကယ့်ကို အခြေခံကျတဲ့ အချက်တွေပေါ့လေ ကုန်ဈေးနှုန်း ကျဆင်းရေးတို့ လိုဟာမျိုး တကယ့်ကို ငြိမ်းချမ်းစွာ ဖော်ထုတ်တာတွေ ကျတော့ တည်ဆဲဥပဒေများအရ အရေးယူခံရဖွယ် ရှိကြောင်းတို့၊ တရားဥပဒေနဲ့ ညီညွတ်မှု မရှိသဖြင့် အရေးယူခံရဖွယ် ရှိကြောင်းတို့ စတာမျိုးတွေကို သတင်းစာမှာ ဖော်ပြတာကို ကျနော် သတိထားလိုက်မိတယ်။ အဲဒီတော့ ဒီလိုမျိုး ဆန္ဒဖော်ထုတ်တာခြင်း အတူတူ ဒီဟာကိုတော့ သူက အရေးယူမဲ့ပုံစံမျိုး ဖော်ပြတယ်။ ကျနော်ကတော့ ဥပဒေရှုထောင့်ကနေ ကြည့်တဲ့အခါမှာ အခု ဒီဆန္ဒပြတဲ့၊ ဆန္ဒဖော်ထုတ်တဲ့ လူစုကို တရားရုံးအနေနဲ့ တရားဝင် ဘာမှ ဆုံးဖြတ်ချက် မချရသေးဘူး။ တရားရုံး ဆုံးဖြတ်ချက် မချခင်မှာ အရေးယူခံရဖွယ် ရှိတယ်ဆိုတာက တရားရုံးကို ဆုံးဖြတ်ချက်ကို ကြိုတင် လွှမ်းမိုးတဲ့သဘော၊ တရားရုံးကို မထီမဲ့မြင် လုပ်တဲ့သဘော၊ ဥပဒေကို လမ်းကြောင်း လွဲသွားအောင် တလွဲဦးဆောင်တဲ့ သဘောမျိုးတွေ ကျနော်တို့ တွေ့ရပါတယ်။ ”စသည်ဖြင့်

ဆန္ဒပြလူငယ်တွေကိုဖမ်းဆီးအရေးယူမယ်လို့ စစ်အစိုးရသတင်းစာက ခြိမ်းခြောက်ရေးသားထားတဲ့အပေါ် (၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင်တစ်ဦး ဖြစ်သူ ကိုကိုကြီး ကဝေဖန်သွားခဲ့ပါတယ်။

အကယ်၍သာဆန္ဒပြပွဲမှာဦးဆောင်ပါဝင်သူတွေကိုဖမ်းဆီးထောင်ချအုန်းမယ်ဆိုရင် ‘ပြည်သူတွေဘာဆက်လုပ်ကြမလဲ’ ပြည်သူ လူထုရဲ့အရေးတော်ပုံ အောင်လံ ကိုဘယ်လို လက်ဆင့်ကမ်းပြီးဆက်လက်သယ်ဆောင်ကြမလဲ?

အစသို့

## ဆန္ဒပြမှု၌ ပါဝင်သူ ( ၉ ) ဦးခန့် အာဏာပိုင်များမှ ဖမ်းဆီးစစ်ဆေး

*၂၆ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇*

ယခုလ (၂၂) ရက်နေ့တွင် ရန်ကုန်မြို့လယ်ခေါင်မှာ ငြိမ်းချမ်းစွာ ဆန္ဒပြမှုမှာ ပါဝင်ခဲ့သူ အနည်းဆုံး (၉) ဦးခန့်ကို အာဏာပိုင်များက ဖမ်းဆီးစစ်ဆေးနေသည်ဟု ရန်ကုန်နိုင်ငံရေး အသိုင်းအဝိုင်း၏ပြောဆိုချက်အရ သိရပါသည်။ ယခုလို ဖမ်းဆီးခံခဲ့ရတဲ့ အထဲမှာ မကြာသေးခင်ကမှ ထောင်မှ ပြန်လွတ်လာသည့် တစ်ကိုယ်တော် ဆန္ဒပြသမားများဟု နာမည်ကြီးခဲ့သည့် ဦးအုန်းသန်းနှင့် ညောင်တုန်း ကိုထွန်းထွန်းတို့လဲ ပါဝင်ခဲ့သည်ဟုသိရပါသည်။ ယနေ့အထိ ဖမ်းဆီးခံ နေရသူများမှာ ကိုထင်ကျော်၊ ကိုမျိုးဦး၊ ကိုလှမြင့်အေး၊ ကိုလှသိန်း၊ မကြူကြူစန်း၊ ဒေါ်မေဝင်း၊ ဦးတင်ဝင်း၊ ကိုထွန်းထွန်းနှင့် ဦးအုန်းသန်းတို့ ဖြစ်ပါသည်။ ယခုလို ကုန်ဈေးနှုန်းကျဆင်းရေး ဆန္ဒထုတ်ဖော်မှုနဲ့ ဖမ်းဆီးခံနေရသူတွေကို အမြန်ဆုံး ပြန်လွှတ်ပေးဖို့ (၈၈) မျိုးဆက် ကျောင်းသားများအဖွဲ့က ဒီကနေ့ ကြေညာချက်ထုတ်ပြန် တောင်းဆိုထားပါတယ်။ အမေရိကန်နဲ့ ဗြိတိန်သံရုံးရှေ့ ဆန္ဒပြပွဲတွေကိုတော့ န–အ–ဖ ပိုင် သတင်းစာတွေက ချီးကျူးရေးသားခဲ့ပြီး၊ သိမ်ကြီးဈေးရှေ့ ကုန်ဈေးနှုန်း ကျဆင်းရေး ဆန္ဒပြသူတွေကို ဖမ်းဆီးတာဟာ အစိုးရတစ်ရပ်ရဲ့ ကျောသားရင်သား ခွဲခြားသည့် လုပ်ရပ်ဟုလည်း ကြေညာချက်တွင် ဝေဖန်ထားပါသည်။

ယနေ့ထုတ်ပြန်သည့် ကြေညာချက် အပါအဝင် ပြည်သူတွေရဲ့ ဆန္ဒအစစ်အမှန်ကို ငြိမ်းချမ်းစွာဖော်ထုတ် ပြသသူများကို ဖမ်းဆီးနေခြင်းနှင့်ပတ်သက်၍ (၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင် ကိုဆက်သွယ်မေးမြန်းခဲ့ပါသည်။ ပထမဆုံး မေးသည့်မေးခွန်းမှာ

(မေး)– “ဒီမိုကရေစီ ဖော်ဆောင်ဖို့ ကြိုးစားနေပါတယ်ဆိုတဲ့ စစ်အစိုးရက ဘာကြောင့် ကျောသားရင်သား ခွဲခြားနေတယ် ထင်ပါသလဲ”? ဆိုတဲ့ မေးခွန်း မေးဖြစ်ပါတယ်။

ကိုမင်း(ဖြေ)– “မိမိခံစားနေရတဲ့ ဒုက္ခအပေါင်းကို ဖော်ထုတ်ပြသနိုင်တယ် ဆိုတာဟာ လူ့အခွင့်အရေး ကြေညာစာတန်းမှာ ပါပြီးသား။ ကမ္ဘာ့ကုလသမဂ္ဂရဲ့ လူ့အခွင့်အရေးပါ ကြေညာစာတန်းမှာ ရေးထိုးထားတဲ့ အဲဒီ အချက်ကို မြန်မာနိုင်ငံ အစိုးရက သဘောတူလို့ ပါဝင်လက်မှတ် ထိုးထားပြီးသား။ အဲဒီတော့– ပြည်သူလူထုက သူ့အခွင့်အရေး သူသုံးတာဖြစ်တယ်။ အဲဒီ အချက်က နံပါတ် (၁) ပါ။ နောက်တစ်ခု ကုန်ဈေးနှုန်းဆိုတဲ့ ကိစ္စ၊ ကုန်ဈေးနှုန်း ကျဆင်းရေးကို လိုလားသလား၊ မလိုလားသလားဆိုတာ ကြိုက်သလို စစ်တမ်းကောက်လို့ရတယ်။ ကျနော်တို့ တိုင်းပြည်မှာ ကြိုက်တဲ့ ရပ်ကွက်ကိုဝင်လိုက်၊ ကြိုက်တဲ့ လမ်းထဲကိုဝင်လိုက်၊ ကြိုက်တဲ့ ဈေးမှာ သွားမေးလိုက်။ အဲဒီလို အခြေခံအကျဆုံး အချက်ကလေးတွေကို တောင်းဆိုတာတောင်မှ အခုလို ‘ဖမ်းဟယ်၊ ဆီးဟယ်’ တခါတည်း အိမ်တိုင်ယာရောက် ညဥ့်နက်သန်းခေါင်အထိ လိုက်ဆွဲနေတယ် ဆိုတာမျိုးက ဟိုတလောက ပြသသွားတဲ့ သံရုံးရှေ့က ပွဲတွေနဲ့တော့ အစိုးရရဲ့ တုံ့ပြန်မှုက အတော့်ကို တဖက်စောင်းနင်း နိုင်တယ်ဆိုတာ အားလုံး မြင်နိုင်ပါလိမ့်မယ်။ အဲဒီတော့ ဒီမိုကရေစီကို တကယ်သွားမယ်လို့ ဝန်ခံပြီး အာဏာသိမ်းလာတဲ့ အစိုးရတစ်ရပ်ဟာ အဲဒီလို အခြေခံကျတဲ့ ဒီမိုကရေစီ အခွင့်အရေးလေးတွေကိုတောင်မှ ခွင့်မပြုဘူးဆိုရင် ကိုယ့်အပြောနဲ့အလုပ်ဟာ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပြီ၊ ကျနော်တော့ ဒီလို မြင်နေပြီ။”

ဒီဗွီဘီ(မေး)– “ကိုမင်းကိုနိုင်တို့ကတော့ အဲဒီလို အခြေခံကျတဲ့ လူ့အခွင့်အရေးကို တောင်းတယ်လို့ ပြောပေမဲ့ န–အ–ဖ ပိုင် သတင်းစာထဲမှာ ရေးထားတာက ဆူပူသောင်းကျန်းလိုသူလို့ သုံးထားတယ်။ အဲဒီအပေါ်မှာရော ကိုမင်းကိုနိုင် ဘယ်လိုမျိုး ပြောမလဲ။”

ကိုမင်း(ဖြေ)– “ဒါ အရင်တခါကလဲ ကျနော် ပြောဖူးပါတယ်။ ဘာလဲဆိုတော့ အစိုးရက သူ့လက်ထက်မှာ တိုင်းပြည်ကြီးဟာ ကောင်းလာပါပြီတဲ့၊ တိုင်းပြည်ကြီးကို သာယာပါစေရဲ့ ဆိုတာမျိုးပဲ သူလိုချင်တယ်။ ဒါ ဘယ်အစိုးရ ဖြစ်ဖြစ်ပေါ့။ ပြည်သူက ရွေးထားတဲ့ အစိုးရကြည့်ကြည့်၊ မရွေးထားတဲ့ အစိုးရက ပိုတောင် လိုချင်သေးတာပေါ့။ သူတို့ကို ထောက်ခံတာမျိုး၊ သူတို့ လိုချင်တဲ့အတိုင်းဆိုရင် လုပ်ခွင့်ရှိတယ်။ တနည်းတဖုံနဲ့ အမျိုးမျိုး လှည့်အားပေးမယ်၊ တဖက်တလမ်းနဲ့ လုပ်ခိုင်းမယ် ဒါမျိုးရှိတာပေါ့။ အဲဒါမျိုးတွေကျတော့ ဘာလဲ?– ပြည်သူ့သဘောထား ဖော်ထုတ်တယ် ဆိုပြီးတော့ သုံးနှုန်းတယ်။ အဲဒီတော့ တစ်ဖက်က တကယ် ဒီမိုကရေစီ လိုချင်လို့ တကယ်ခံစားနေရတဲ့ ဒုက္ခအဝဝ၊ မပြေလည်မှုတွေ ဒါတွေကို ဖော်ထုတ်တဲ့ အခါကျတော့ ဘာဖြစ်လဲဆိုတော့– ဆူပူဆန္ဒပြတယ်လို့ သုံးတယ်။ အဲဒီတော့ သဘောထားတဲ့ ဆန္ဒဟာ အတူတူပဲ။ ဖော်ထုတ်တာနဲ့ ပြသတာနဲ့က အတူတူပဲ။ သူ့လက်ထက်မှာ တိုင်းသူပြည်သားတွေ ဆင်းရဲတယ်၊ ဒုက္ခရောက်တယ်၊ မီးမလာ၊ ရေမလာနဲ့ ပညာရေး၊ ကျန်းမာရေးမှာ အာမခံချက် မရှိ၊ ပိုက်ဆံမရှိရင် သေရမဲ့ကိစ္စ၊ အဲဒီလို ကိစ္စမျိုးတွေ ပြောတာကို သူတို့ နားထဲမှာ ဆူနေမှာပေါ့၊ ပူနေမှာပေါ့။ အဲဒါတွေက ခံစားမှုကလာတဲ့ စကားလုံး တုံ့ပြန်မှုတွေပေါ့။ ကျနော် ဒီလိုပဲ မြင်တယ်။”

ဒီဗွီဘီ(မေး)– “အဲဒီမှာ ငြိမ်းချမ်းစွာ ဆန္ဒပြတဲ့ လူတွေက တောင်းဆိုတာနဲ့ ပတ်သက်လို့ ကုန်ဈေးနှုန်း ကျဆင်းရေးတို့၊ ပြည်သူတွေရဲ့ အကြပ်အတည်းကို တောင်းဆိုတာပေါ့လေ။ တချိန်ထဲမှာပဲ ကိုမင်းကိုနိုင်တို့ (၈၈) မျိုးဆက် ကျောင်းသား တွေကလဲ ပြည်သူတွေရဲ့ အထွေထွေ ကြပ်တည်းမှုတွေကို ရင်ဖွင့်ပါဆိုပြီး လုပ်တယ်ဆိုတော့ ဒီနှစ်ခုကို ပေါင်းစပ်လိုက်မဲ့ အနေအထားမျိုး အာဏာပိုင်တွေဘက်က၊ ပေးစားလိုက်မဲ့ အနေအထားမျိုးတွေကို ကိုမင်းကိုနိုင်တို့ ဘယ်လို မျှော်လင့်ထားလဲ။”

ကိုမင်း(ဖြေ)– “ကျနော်တို့နဲ့ ပေးစားရင်တော့ ကျနော်တို့က ကျေကျေနပ်နပ်ကြီး ညားမှာပဲ။ အဲဒီတော့ ရှင်းရှင်းလင်းလင်းပဲ ပြောချင်တယ်။ ဘာကြောင့်လဲ ကျနော်တို့တတွေ လုပ်တာကလဲ မိမိဆန္ဒကို ဖော်ထုတ်တာပဲ၊ ပြည်သူလူထုတွေ လမ်းပေါ်မှာ အဲဒီလို ပိုစတာ ကိုင်တာကလဲ ပြည်သူ့ဆန္ဒကို ဖော်ထုတ်တာပဲ။ ဘယ်လိုနည်းနဲ့ပဲ ပြောပြော လုပ်တဲ့လူတွေက အကြမ်းမဖက်တဲ့ နည်းလမ်းဖြစ်ရမယ်၊ တကယ့် အစစ်အမှန်ကို ဖော်ထုတ်တာ ဖြစ်ရမယ်။ ဒါ– အရေးကြီးပါတယ်။ နောက်တစ်ခုက သူတို့တတွေ အဲဒီလို လုပ်တဲ့အခါမှာ အဲဒီမှာ ပါဝင်ခဲ့တဲ့ ပြည်သူတွေ ရှိတာပဲ။ ကျနော်တို့ကို ပြန်ပြောပြတာပဲ၊ လမ်းတွေ ပိတ်သွားအောင် မလုပ်ဘူး၊ ကားသမားတွေ၊ ဈေးသည်တွေကိုယ်တိုင်က ဝမ်းသာအားရနဲ့ နားလည်မှုပေးပြီးတော့ သူတို့ကို လုပ်ခွင့်ပေးတယ်၊ လက်ခုပ်တီးတယ်၊ အားပေးတယ်၊ ထောက်ခံတယ်၊ နောက်ကနေလိုက် အားပေးတယ်။ ဒါ ပြည်သူလူထုတွေ တစ်ရပ်လုံးရဲ့ လုပ်ရပ်အစစ်အမှန်ပဲလေ။ ကျနော်တို့က ပြည်သူလူထုကြားမှာ တကယ် အသက်ရှူနေရတာ၊ တကယ်နေရတာ ကျနော်တို့ ရင်နဲ့မမျှအောင် ကြုံနေရတာ။ အချိန်တန်လို့မှ ထမင်းတစ်နပ် စားဖို့အတွက် မရေမရာနဲ့ ထမင်းအိုးကို ဘယ်လို ဆန်ထည့်ရမယ်ဆိုတဲ့ အဖြေကို မရနိုင်တဲ့ ပြည်သူတို့ဘဝကို မြင်ယောင်ကြည့်ပါ။ အဲဒီ အတွက်တော့ ဖြစ်လာသမျှ၊ ပျက်လာသမျှ ပြည်သူတွေ တကယ်ဖော်ထုတ်တဲ့အရာမှာ ကျနော်တို့က အပြည့်အဝ ဒီလုပ်တဲ့သူတွေကို ကျနော်တို့ သဘောတူတယ်ဆိုတာကို ရှင်းရှင်းပြောမယ်။ ကျနော်တို့ကို ဇွတ်ပေးစားရင်လဲ ကျနော်တို့ ပြည်သူလူထုတွေရဲ့ ဆန္ဒအမှန် ဖော်ထုတ်တာကို နဂိုကတည်းက ကြိုက်နေတာပဲ။ ကြိုက်နေတဲ့ဟာကြီး ပေးစားရင်တော့ ကျနော်တို့က ကျေကျေနပ်နပ်ကြီး ယူလိုက်မှာပဲ။ ဒါပဲ ရှိတာပဲ။”

ဒီဗွီဘီ(မေး)– “နောက်တစ်ခုက ဒီ–ကုန်ဈေးနှုန်းတက်နေတာ၊ ကုန်ဈေးနှုန်း ချပေးဖို့ တောင်းတာ၊ နောက် မီးမလာတာကို မီးပေးဖို့တောင်းတာ။ အဲဒီလို အမှန်တောင်းတာကို ဘာဖြစ်လို့ အာဏာပိုင်တွေက ဆတ်ဆတ်ထိမခံ ဖြစ်နေတာလဲ အာဏာပိုင်တွေဘက်က။

ကိုမင်း(ဖြေ)– “သူတို့က အမှန်တရားကို တကယ် မျက်မှောက်ပြုရဲဖို့ သတ္တိလိုနေပါတယ်။ အမှန်တရားဆိုတာ တကယ့် ပကတိတရားကို ပြောတာပါ။ ခါးချင်ရင်ခါးမှာပေါ့၊ ပူချင်ရင် ပူမှာပေါ့။ ဘဝဆိုတာ အမြဲတမ်း မချိုနိုင်ပါဘူး။ အမြဲတမ်း လပြည့်ညချည်းပဲလဲ မရဘူးလေ။ အဲဒီတော့ မှောင်ရင်မှောင်တယ်၊ နိမ့်ပါးရင် နိမ့်ပါးတယ်ပေါ့။ ကိုယ့်လက်ထက်မှာ သိပ်အောင်မြင်နေတယ် လို့ အောက်ခြေကနေ အမျိုးမျိုး အထက်ကို လိမ်ညာလှည့်ဖြားတာတွေရှိမယ်၊ အထက်ကလဲ ဒီအပေါ်မှာ သာယာနေတာတွေ ရှိမယ်။ ပြည်သူတွေက တကယ်ကို ဒီလို ဖြစ်နေပါပြီလို့ ပြောလိုက်တဲ့ အပေါ်မှာတော့ တကယ့် ပကတိတရားကို ရင်ဆိုင်လိုက်ပါ။ အဲဒါဟာ ခါးချင်ရင် ခါးပါလိမ့်မယ်၊ ပူချင်ပူပါလိမ့်မယ်။ အနာကို သိမှ ဆေးကုလို့ ရမှာပါ။ အဲဒီတော့ ကုစားဖို့အတွက်၊ ပြည်သူတွေဘဝ မြင့်မားဖို့၊ ထွက်ပေါက်ရဖို့ ဒီ အခြေအနေဆိုးကြီး။ အဲဒါ တစ်မျိုးသားလုံး ခံစားနေရတဲ့ အခြေအနေ ဆိုးကြီးဆိုတဲ့ ဝေဒနာကို ကုစားဖို့အတွက် အနာကို အမှန်အတိုင်းသိပါ။ ပြည်သူလူထုရဲ့ ဘဝဟာ ဘယ်လောက် ရောက်နေတယ်ဆိုတာကို **တံတား ဘယ်နှစ်စင်း ဆိုတာနဲ့မကြည့်ပါနဲ့ ထမင်းဘယ်နှစ်လုတ် စားရတယ်ဆိုတာနဲ့ ကြည့်ပါ** လို့ ပြောချင်တယ်။”

## အဖမ်းဆီးခံနေရသူများ၏ မိသားစုများထံ ( ၈၈ ) ကျောင်းသားများ သွားရောက်အားပေး

*၂၆ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇*

(၈၈) မျိုးဆက် ကျောင်းသားတွေနဲ့ ဒီမိုကရေစီလိုလား ထောက်ခံသူတွေဟာ ဖမ်းဆီးခံနေရသူတွေရဲ့ မိသားစုဝင်တွေဆီကိုလဲ မနေ့က လူကိုယ်တိုင် သွားရောက် အားပေးမှုတွေ လုပ်ခဲ့တယ်လို့ သိရပါတယ်။

"အဓိက က သူတို့ မိသားစုတွေအနေနဲ့ ကိုယ့်သားသမီးတွေ ကိုယ့်အကိုတွေ၊ မောင်တွေ လုပ်တာတွေဟာ အများအကျိုးအတွက် သူတို့ကိုယ်သူတို့ အနစ်နာခံပြီးတော့ လုပ်သွားတာ ဖြစ်တယ်ဆိုတာကို ဂုဏ်ယူတတ်လာဖို့၊ သူတို့ဟာ အထီးကျန် မဟုတ်ဘူး၊ သူတို့ကို တကယ့်ကို ယုံယုံကြည်ကြည်နဲ့ ထောက်ခံနေတဲ့သူတွေ ရှိနေတယ်ဆိုတာကို သွားတွေ့တာတောင် မှ ကျွန်နော်တို့ချည်းပဲ လာတာမဟုတ်ဘူး။ ကျနော်တို့ကနေတဆင့် ဒီလူတွေကို သူတို့ ထောက်ခံကြောင်း၊ သူတို့ အားပေးကြောင်း၊ လက်ဆင့်ကမ်းပြီး ပြောပေးပါဆိုပြီး ကျနော်တို့နဲ့ နီးစပ်ရာ နီးစပ်ရာထဲက မှာလိုက်တဲ့ သတင်းစကားတွေကိုပါ သွားပါးတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျနော်တို့ သွားခြင်းအားဖြင့် မိသားစုတွေ အနေနဲ့ သူ့သားတွေ၊ သူ့မောင်တွေ၊ အကိုတွေအပေါ်မှာ ဂုဏ်ယူတတ်လာမယ်၊ ပိုပြီးတော့လဲ အားတက်လာမယ်လို့ မျှော်လင့်ချက်နဲ့ စိတ်ရဆကသအားဘတ်ခွန်အား သွားဖြည့်တာ ဖြစ်ပါတယ်။"

(၈၈) မျိုးဆက် ကျောင်းသား ကိုကိုကြီးပါ။ အခုလို သွားရောက်အားပေးရာမှာ တွေ့ခဲ့ရတဲ့ မိသားစုတွေရဲ့ အခြေအနေကိုလဲ ကိုကိုကြီးက အခုလို ဆက်ပြောပြပါတယ်။

"ကိုလှမြင့်အေးအိမ်က သူ့ညီမတွေ၊ အမတွေ၊ သားတွေ၊ သမီးတွေဆိုရင်လဲ ဝမ်းသာအားရပဲ ကျနော်တို့ လာတဲ့အတွက်ကြောင့်။ သူတို့ ကြိုဆိုကြသလို။ ကိုမျိုးဦးအိမ် ရောက်တဲ့အချိန်မှာဆိုရင်လဲ ကျနော်တို့ကိုယ်တိုင် စိတ်ထိခိုက်သွားပါတယ်။ သူ့အဖေကြီးက ကျနော်တို့ လာတာလဲတွေ့ရော၊ ယောကျ်ားကြီးတန်မဲ့ မျက်ရည်ကျတဲ့ မြင်ကွင်းကို ကျနော် ဘယ်လိုမှ မေ့ဖျောက်လို့ရမှာ မဟုတ်ပါဘူး။ ပြီးတော့ လှိုက်လှိုက်လှဲလှဲ ကျနော်တို့ကို နှုတ်ဆက်ပြီးတော့ သူ့သားက ဒီလိုမျိုး အများတကယ် ခံစားနေရတဲ့ ပြဿနာတွေကို ဖော်ထုတ် ပြသသွားတဲ့အတွက်ကြောင့် အဖမ်းခံရသွားလဲ သူ ဂုဏ်ယူတယ်ဆိုတဲ့ အကြောင်းကို မျက်ရည်စက်လက်နဲ့ ယောကျ်ားကြီးတန်မဲ့ ကျနော်တို့ကို ပြောလိုက်တဲ့ မြင်ကွင်းကို ကျနော်တို့ အခုချိန်ထိ မျက်စိထဲမှာ စွဲနေတုန်းပါပဲ။"

ဒီကနေ့ထိ ဆက်သွယ်မေးမြန်းလို့ သိရသလောက်ဆိုရင် နိုင်ငံနေရာ တော်တော်များများမှာ သိမ်ကြီးဈေး ဆန္ဒပြမှုနဲ့ ဖမ်းဆီးခံနေရသူတွေရဲ့ မိသားစုတွေဆီကို သွားရောက် တွေ့ဆုံအားပေးလိုကြောင်း၊ ကူညီထောက်ပံ့ ပေးလိုကြောင်း၊ ထုတ်ဖော် ပြောဆိုထားပါတယ်။ မိသားစုတွေရဲ့ နေရပ်လိပ်စာတွေ စုံစမ်းပေးပြီး ဒီဗွီဘီကတဆင့် ကြေညာ အသိပေးဖို့တောင် မေတ္တာရပ်ခံ လာတာတွေ ရှိပါတယ်။ နောက်ရက်တွေမှာ စုံစမ်းမေးမြန်းပြီး မိသားစုတွေရဲ့ အခြေအနေတွေ သူတို့ နေရပ်လိပ်စာတွေ အတိအကျကို ကြေညာပေးသွားပါမယ်လို့ အသိပေးအပ်ပါတယ်။

**အစသို့**

## ဆန္ဒပြပွဲတွင် ဖမ်းဆီးခံရသူများကို ပြန်လွှတ်ပေးရန် မိတ္ထီလာအဖွဲ့ချုပ် တောင်းဆို

*၂၆ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇*

ကုန်ဈေးနှုန်း ကျဆင်းရေး တောင်းဆိုဆန္ဒပြသူတွေကို အာဏာပိုင်တွေက ဖမ်းဆီးမှုတွေ ပြုလုပ်နေတဲ့အပေါ် မန္တလေးတိုင်း မိတ္ထီလာမြို့နယ် အဖွဲ့ချုပ်က ကန့်ကွက်ရှုတ်ချလိုက်ပါတယ်။ မနေ့က မိတ္ထီလာမြို့နယ် အဖွဲ့ချုပ်ရုံးမှာပြုလုပ်တဲ့ လပတ် အစည်းအဝေးကနေ အခုလို ကန့်ကွက်ကြောင်း ဆုံးဖြတ်ချက် ချမှတ်ခဲ့တာ ဖြစ်ပါတယ်။ ဒီကိစ္စအပါအဝင် မြို့နယ် အစည်းအဝေး ဆုံးဖြတ်ချက်တွေကို မြို့နယ်အဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေး က အခုလို ဖတ်ပြပေးထားပါတယ်။

"ဆုံးဖြတ်ချက် (၁) အမေရိကန်သံရုံးနှင့် ဗြိတိသျှသံရုံးရှေ့တွင် ဆန္ဒပြသူများကို တစ်စုံတစ်ရာ အရေးမယူဘဲ (၂၆) လမ်းထိပ်တွင် ဆန္ဒပြသူများကို ဖမ်းဆီးခြင်းသည် ညီမျှခြင်း၊ လွတ်လပ်ခြင်း၊ တရားမျှတခြင်း တည်းဟူသော လောကပါလ တရား (၃) ပါးလုံးကို ချိုးဖောက်ခြင်း ဖြစ်သဖြင့် ယင်းလုပ်ရပ်ကို ကန့်ကွက်ကြောင်း ဆုံးဖြတ်သည်။

(၂) ဒီမိုကရေစီနိုင်ငံ တည်ဆောက်ပေးနေပါသည်ဆိုသော န-အ-ဖ အနေနှင့် လွတ်လပ်စွာ မိမိ၏ ဆန္ဒသဘောထား ထုတ်ဖော်ခွင့်တည်းဟူသော ဒီမိုကရေစီ အခြေခံ အခွင့်အရေးကို အသုံးချ၍ (၂၆) လမ်းထိပ်တွင် မိမိတို့၏ ဆန္ဒသဘောထား ထုတ်ဖော်ကြသူများအား ထိန်းသိမ်းထားခြင်းမှ အမြန်ဆုံး ပြန်လွှတ်ပေးရန် တောင်းဆိုကြောင်း ဆုံးဖြတ်သည်။

(၃) တ–စ–ည ပါတီမှ ဦးဆောင်၍ နတ်တလင်းမြို့နယ်တွင် ပြည်ထောင်စုနေ့ အခမ်းအနားကို စည်စည်ကားကား ပြုလုပ်နိုင်ရန် ဖန်တီးခဲ့သောလဲ၊ မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်တွင် NLD မှ (၆၀)နှစ်ပြည့် ပြည်ထောင်စုနေ့ အခမ်းအနား ပြုလုပ်ခြင်းကို မ–ယ–က နှင့် ကော်မရှင်တို့မှ ခေါ်ယူတားမြစ်ခြင်း ပြုလုပ်ခဲ့မှုနှင့် ပတ်သက်၍ တရားဝင် ပါတီခြင်းအတူတူ ထိုကဲ့သို့ ဘက်လိုက်၍ မတရား တားမြစ်မှုအတွက် န–အ–ဖ ကိုကန့်ကွက်ကြောင်း ဆုံးဖြတ်သည်။” ဟူ၍ဖြစ်ပါသည်။

ဒီဆုံးဖြတ်ချက်တွေအပြင် လူထုကြုံတွေ့နေရတဲ့ အထွေထွေ အကြပ်အတည်းတွေ ပြေလည်စေဖို့အတွက် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရေး အမြန်ဆုံးပြုလုပ်ဖို့ န–အ–ဖ ကိုတိုက်တွန်းခဲ့တယ်လို့လဲ ဒေါ်မြင့်မြင့်အေး ကဆက်လက်ပြောကြားသွားခဲ့ပါသည်။

အစသို့

## ဖေဖော်ဝါရီ (၂၂ ) ကဖြစ်ပွားခဲ့တဲ့ ရန်ကုန်မြို့လယ်ဆန္ဒပြပွဲ အားသုံးသပ်ကြခြင်း

*၂၆၊ ဖေဖော်ဝါရီ၊ ၂၀၀၇*

စစ်အစိုးရ သတင်းစာတွေဟာ သူတို့ အစိုးရကို လူထုက ဆန့်ကျင်လာပြီဆိုရင် ဒါဟာ ရွေးကောက်ပွဲ အနိုင်ရ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ရဲ့ လုပ်ရပ်ဖြစ်တယ်လို့ မကြာခဏ စွပ်စွဲလေ့ရှိသလို၊ အခုတခါမှာလဲ ဆန္ဒပြခေါင်းဆောင် ကိုထင်ကျော်ဟာ အဖွဲ့ချုပ် ပါတီဝင်ဟောင်းတွေ ဖြစ်တယ်လို့ စွပ်စွဲနေပြန်ပါတယ်။

NLD အဖွဲ့ချုပ် ပြောခွင့်ရပုဂ္ဂိုလ်ဦးမြင့်သိန်း က“ကျနော်တို့က NLD ပါတီဝင် ဖြစ်တာမဖြစ်တာက အဓိက မကျဘူးလို့ ယူဆပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒါဟာ ပြည်သူရဲ့ဆန္ဒ ထုတ်ဖော်ကြတာ။ ပြည်သူ့ဆန္ဒ အစစ်အမှန် ဟုတ်မဟုတ်သာ အဓိက ကျလိမ့်မယ်လို့ ပထမအချက်အနေနဲ့ ကျနော် ယူဆပါတယ်။ ထိုအတူပဲ ပြည်သူ့ဆန္ဒ တင်ပြကြတဲ့ အချက်အလက်တွေကလဲ တကယ်တမ်း ဖြစ်ပေါ်နေတဲ့ ပြည်သူတွေ ခံစားနေရတဲ့ ဒုက္ခ၊ ပြည်သူတွေ ခံစားနေရတဲ့ ခံစားချက် ဟုတ်မဟုတ် ဆိုတာကလဲ ပိုပြီးအဓိက ကျလိမ့်မယ်လို့ ယူဆပါတယ်။ အဲဒီတော့ NLD ပါတီဝင် ဖြစ်တယ်၊ မဖြစ်ဘူးဆိုတာကတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ပြည်သူအတွက် ရပ်တည်ပြီးတော့ ဒီမိုကရေစီရေး ဖော်ဆောင်နေတဲ့ အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ အဲဒါကြောင့် ကျနော်တို့က ဒီမိုကရေစီအရေးရဲ့ အခြေခံဖြစ်တဲ့ ပြည်သူ့ဆန္ဒ ထုတ်ဖော်ဖို့၊ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်တဲ့ အနေအထားမျိုးရအောင် ကျနော်တို့က ကြိုးစားနေတဲ့ အဖွဲ့အစည်းတစ်ရပ် ဖြစ်တဲ့အတွက်ကြောင့်မို့ ပြည်သူ့ဆန္ဒ ထုတ်ဖော်တဲ့ လုပ်ရပ်ကိုတော့ ကျွန်နော်တို့က နောင်လဲ ဒီလိုဟာမျိုးဖြစ်အောင် ကြိုးစားနေတဲ့အဖွဲ့ ဖြစ်တဲ့အတွက်ကြောင့် ကျနော်တို့က ကြိုဆိုတယ်။ ဒီအပေါ်မှာ ကျနော်တို့ ပါတီအနေနဲ့ ဆောင်ရွက်ပြီးတော့ ကိုယ့်အဖွဲ့ဝင်တွေကို ဒီလိုလုပ်ဖို့ဆိုတဲ့ ညွှန်ကြားချက်တော့ မရှိဘူး။ ဒါပေမဲ့ တစ်ဦးချင်း ဒီလို သူတို့ဆန္ဒ အစစ်အမှန်အရ လုပ်ဆောင်တဲ့ အပေါ်မှာတော့ ကျွန်နော် ဘာမှ မပြောလိုပါဘူး။” အဖွဲ့ချုပ် ပြောခွင့်ရပုဂ္ဂိုလ် ဦးမြင့်သိန်းရဲ့ တုံ့ပြန်ချက်ဖြစ်ပါတယ်။

အခုဆက်ပြီး ဆန္ဒပြပွဲ လုပ်တဲ့နေ့ကတည်းက ဖမ်းဆီးခံလိုက်ရတဲ့ ကိုထင်ကျော်နဲ့ မနေ့ည (၈) နာရီ ခန့်မှာ ဖမ်းဆီးခံလိုက်ရသူ ဒေါ်မေဝင်းတို့ရဲ့ ကိုယ်တိုင် ပြောကြားချက်ကို နားဆင် ကြည့်စေချင်ပါတယ်။

“ကျနော်တို့ ဆူးလေလမ်းကို ရောက်လာပါတယ်။ လူတွေအားလုံး (၅၀) လောက် ဖြစ်လာတယ်။ ပြည်သူတွေကတော့ နောက်ကနေ လိုက်လာနေပါတယ်။ ကျနော်တို့က ဘယ်အုပ်စု၊ ဘယ်ပါတီ အဖွဲ့အစည်းကမှ မဟုတ်ဘူး။ အခု ကျနော်တို့ လုပ်တာ တကယ့် ပြည်သူတွေ လက်ရှိဖြစ်ပျက်နေတဲ့ အရာပေါ်ကို ကျနော့်တို့က အခြေခံပြီးတော့ ပြည်သူ့ကိုယ်စား ထွက်ပြီးတော့ ကျနော်တို့ မေတ္တာရပ်ခံ တောင်းဆိုတာပဲ ဖြစ်တယ်။ အဲဒါလဲ ကျနော်တို့က ငြိမ်းငြိမ်းချမ်းချမ်းနဲ့၊ အေးအေးချမ်းချမ်းနဲ့ တောင်းဆိုတာပါ။” “အိမ်မှာ ရဲတွေ ရောက်နေတယ်။ အခု ရောက်နေတယ်။ အန်တီတို့ (၂၂) ရက်နေ့ ညနေ (၃) နာရီခွဲလောက်မှာ ဖြစ်ပေါ်ခဲ့တဲ့ ပြည်သူလူထုနဲ့ အန်တီတို့ ရင်ထဲမှာရှိတဲ့ ဆန္ဒသဘောတရားတွေ၊ ဝတ်နေတာကို ဝတ်နေပါပြီ၊ လူမှုရေး အကြပ်အတည်းတွေ ဖြစ်နေပါပြီလို့ နိုင်ငံတော် အကြီးအကဲတွေကို ငြိမ်းချမ်း၊ အေးဆေးစွာနဲ့ ဆန္ဒပြ တောင်းဆိုခဲ့တယ်။ အဲဒီ ပွဲကြီးကနေပြီးတော့ ပါဝင်ဆောင်ရွက်တဲ့ အပြစ်မရှိတဲ့ မောင်ထင်ကျော် အပါအဝင် (၄) ဦးကို ဖမ်းဆီးတယ်။ အဲဒီလို ဖမ်းဆီးထားမှုနဲ့ သူတို့ ဒီလို နှိပ်ကွပ်မှုတွေကို မရပ်တဲ့အပြင် နောက်ထပ် ဒီလို စုံစမ်းနေတယ်၊ လွတ်လပ်မှု မရှိတဲ့ ပြည်သူတစ်ယောက်ဟာ ဟိုသွားလဲ နောက်က တကောက်ကောက်လိုက်၊ ဒီသွားလဲ နောက်က တကောက်ကောက် လိုက်ပြီးတော့ နှောင့်ယှက်မှုတွေ လုပ်နေခြင်းသည် အန်တီတို့ ရင်ထဲမှာဖြစ်ပေါ် တောင်းဆိုနေတာတွေ ရပ်တန့်သွားမယ်လို့ သူတို့က ယူဆနေတာလား။ အဲဒီလိုမျိုး နှိပ်ကွပ်ဖမ်းဆီးနေမယ်ဆိုရင် ကျမတို့က ရင်ထဲမှာ ဖြစ်ပေါ်နေတဲ့ ဆန္ဒတရားတွေကို ဖော်ထုတ်ခွင့်တွေကို ကျမတို့က တိုးမြှင့်တောင်းမှာပါပဲ။ အခုလဲပဲ ကုန်ဈေးနှုန်း ကျဆင်းရေးကို တောင်းတာ၊ ကုန်ဈေးနှုန်း မကျမခြင်း ကျမတို့ အမျိုးသမီး အိမ်ရှင်မတွေဟာ ကုန်ဈေးနှုန်း ကျသွားတဲ့အထိ လူမှုပြဿနာတွေ ပြေလည်သွားတဲ့အထိ နိုင်ငံတော် အကြီးအကဲတွေကို အဆက်မပြတ် တောင်းဆိုဆန္ဒပြ၊ တင်ပြသွားမယ်ဆိုတာကို ကြေညာပေးပါ။”

ကြာသပတေးနေ့ ဆန္ဒပြပွဲအတွင်း ရဲတွေရဲ့ ဖမ်းဆီးခြင်းခံရဖို့ မိနစ်ပိုင်းအလိုမှာ တည်တည်ငြိမ်ငြိမ် ပြောကြားခဲ့တဲ့ ကိုထင်ကျော်နဲ့ မနေ့ညက ရဲတွေက အိမ်ထဲဝင်ပြီးသူ့ကို ဖမ်းဆီးဖို့ ပြင်နေချိန်မှာ တည်တည်ငြိမ်ငြိမ်နဲ့ ပြောနိုင်ခဲ့သူ အိမ်ရှင်မကြီး ဒေါ်မေဝင်းတို့ရဲ့ ဆန္ဒအစစ်အမှန်တွေဖြစ်ပါတယ်။

အခုချိန်ထိ ရရှိထားတဲ့ သတင်းတွေအရ ဆိုရင်တော့ ကိုထင်ကျော်နဲ့ဒေါ်မေဝင်း အပါအဝင် ဒီဆန္ဒပြပွဲနဲ့ ဆက်စပ် ဖမ်းဆီးခံလိုက်ရသူ အနည်းဆုံး (၈) ဦး ရှိနေပြီ ဖြစ်ပါတယ်။ ဒီလို ဖမ်းဆီးနေတာကို အများပြည်သူက ဘယ်လို တုံ့ပြန်ကြမှာလဲ၊ (၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင် တစ်ဦးဖြစ်သူ ကိုဂျင်မီကတော့–

ဒီလူတွေကို သူရဲကောင်းအဖြစ် သတ်မှတ်ပြီး သူတို့ရဲ့ မိသားစုဝင်တွေကို အာလုံး သွားရောက် အားပေးသင့်တယ်လို့ ဆွေးနွေးလာပါတယ်။ "ကျနော်တို့က ဒါကို (၈၈) မျိုးဆက် ကျောင်းသားတွေအနေနဲ့ သွား အားပေးတာပါ။ မြောက်ဥက္ကလာ ဥဇနာလမ်း လမ်းသွယ် (၃) လား၊ (၄) လားတော့ မမှတ်မိတော့ဘူး။ အဲဒီမှာနေတဲ့ ကိုလှမြင့်အေးတို့အိမ်ကို ကျနော် သွားပါတယ်။ ကိုလှမြင့်အေး မိသားစုနဲ့ တွေ့တယ်။ ကိုလှမြင့်အေး မိသားစုကို ကျနော်က အချက် (၄) ချက် ရှင်းပြတယ်။ (၁) အချက်ကတော့ ကိုလှမြင့်အေး အခုလို ဖမ်းဆီးခံရတာနဲ့ ပတ်သက်ပြီးတော့ ကျနော်တို့ အားပေးဖို့ လာတယ်။ ကျနော်တို့ စိတ်မကောင်းဘူး၊ သို့သော် ဂုဏ်ယူတယ်။ (၂) အချက်ကတော့ ကိုလှမြင့်အေးကို အခုလို ထိန်းသိမ်းထားတာနဲ့ ပတ်သက်ပြီးတော့ ဒါ မတရားဘူးလို့ ကျနော်တို့ ယူဆတယ်။ တရားမျှတမှု မရှိဘူး။ တရားမျှတမှု မရှိတဲ့အတွက် ကျနော်တို့က တရားမျှတမှု ရှိအောင်လို့ လွတ်မြောက်လာစေချင်တဲ့ ဆန္ဒရှိတယ်။ နောက် (၃) အချက်ကတော့ ဒီလူတွေကို တရားဥပဒေအရ ရင်ဆိုင်ဖို့၊ ရုံးတင်ဖို့ လုပ်လာတယ်ဆိုရင်လဲ ကျနော်တို့က အဆင့်တိုင်းမှာ ခုခံကာကွယ်နိုင်အောင်လို့ တတ်နိုင်သမျှ စွမ်းဆောင်မယ်။ ပြီးတော့ အမှန်တရားအတိုင်း ပြောရရင် ဒီလူတွေကို သူတို့ သတင်းစာထဲမှာ ဖော်ပြထားသလို ဥပဒေအရ ရင်ဆိုင်ရဖွယ် ရှိတယ်ဆိုတော့ ဒီဥပဒေအရကိုက အရေးယူခွင့် မရှိဘူးဆိုတဲ့ အကြောင်းကို ပြောပြတယ်။ နောက် (၄) ကိုလှမြင့်အေးလို လူမျိုးတွေအတွက် မိသားစုအနေနဲ့ စိုးရိမ်ပူပန်ဖို့ မရှိဖို့ ကျနော်တို့က အတတ်နိုင်ဆုံး လာရောက် အားပေးမယ်၊ တတ်နိုင်သမျှကူညီမယ်၊ ဒီအတွက်လာတာဆိုတာ ကျနော်တို့ ပြောပြတယ်လေ။ အဲဒါပြီး ဘယ်သွားလဲဆိုတော့ ကိုမျိုးဦးရဲ့ အိမ်ကို ရောက်တယ်။ ကိုမျိုးဦး မိသားစုတွေနဲ့ တွေ့တယ်။ နောက်ပြီးတော့ ကိုလှသိန်း အိမ်ကို ရောက်တယ်။"လို့ (၈၈) ခေါင်းဆောင် တဦးဖြစ်သူ ကိုဂျင်မီကပြောပါတယ်။

မနေ့က မြောက်ဥက္ကလာက အဖွဲ့တွေဆီ သွားရောက်အားပေးခဲ့သလို မကြာခင် ရက်ပိုင်းမှာလဲ ပုလဲမြို့သစ်က ကိုထင်ကျော်၊ ကန်တော်လေးမှ မကြူကြူစန်း၊ ညောင်တုန်းမှ ကိုထွန်းထွန်းနဲ့ မနေ့ညက ထပ်မံ ဖမ်းဆီးခံလိုက်ရတဲ့ မြောက်ဥက္ကလာမှ ဒေါ်မေဝင်းနဲ့ ကိုတင်ဝင်းတို့ရဲ့ နေအိမ်တွေဆီလဲ မကြာခင်သွားရောက် အားပေးမယ်လို့ ကိုဂျင်မီက ပြောပါတယ်။ (၈၈) စိတ်ဓာတ်ရှိတဲ့ ကျောင်းသားတွေက အခုလိုအားပေးနေသလို စစ်အစိုးရရဲ့ မတရားမှု မှန်သမျှကို ကောင်းကောင်းသိနေတဲ့ ဥပဒေသမား ရှေ့နေ၊ ရှေ့ရပ်တွေကလဲ အခု ဖမ်းဆီးမှုကို ဥပဒေကြောင်းအရ အစွမ်းကုန်ကာကွယ်ပေးဖို့ သူတို့ဘက်က ကြိုးစားနေတယ်လို့ ပြောဆိုလာပါတယ်။ "လက်ရှိ အစိုးရမှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေအရဆိုရင်တော့ ဥပဒေကြောင်းအရ အရေးယူလို့ မရဘူး။ ဘာကြောင့်မရလဲဆို သူက လူ (၅) ဦးထက် မပိုရဆိုပေမဲ့ ငြိမ်းချမ်းစွာ ဆန္ဒပြတာ၊ ပြည်သူလူထု 'ရုတ်ရုတ်'ဖြစ်အောင် လုပ်တာ မဟုတ်ဘူး။ နောက်တစ်ချက်က ဘာလဲဆိုတော့–လက်ရှိ န–အ–ဖ အစိုးရအနေနဲ့ သူရေးထားတဲ့ ဥပဒေကို သူက စတင်ပြီး ချိုးဖောက်တာလေ။ ဘာကြောင့်လဲဆို သူလက်သတ်မှတ်ထားတဲ့ တပည့်တွေကို အမေရိကန် သံရုံးရှေ့မှာ ဆန္ဒပြတယ်၊ ဗြိတိန်သံရုံးရှေ့မှာ ဆန္ဒပြတာကြတော့ မဖမ်းဘူး။ မဖမ်းတဲ့အတွက် ကျွန်နော်တို့က အဲဒါ နံပါတ် (၁) အချက် သူပြဋ္ဌာန်းထားတဲ့ ဥပဒေကို သူကိုယ်တိုင် ချိုးဖောက်တာ။ နောက်တစ်ချက်က သူတို့က– တိုင်းပြည်မှာ မတရား လုပ်တာတွေ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ တရားရေးဌာန၊ လျှပ်စစ်ဌာတွေ တိုင်ပါဆိုပြီး တယ်လီဖုန်း နံပါတ်ပေးတယ်။ တရားရေးဌာနကလူတွေ၊ တရားသူကြီးတွေ၊ ဥပဒေအရာရှိတွေဖြစ်ရင် တိုင်ပါလို့ ပြောတယ်။ ကျွန်နော်ပြောမယ် ဦးအောင်တိုး လိုလူမျိုး၊ ဦးတင်အောင်အေး လိုလူမျိုး သူတို့က စပြီးတော့ လာဘ်စားနေတာကို ဘယ်သွားတိုင်ရမှာလဲ။ အောက်ကလူကို တိုင်လဲ မထူးဘူးဆိုတာ လူထုကသိတယ်။ ဒီလို တိုင်နည်းနဲ့ ကကျွန်နော်တို့က ဖော်ထုတ်လို့ မရတဲ့အတွက် အခု ရန်ကုန်မြို့မှာ သူရဲကောင်းလူငယ်တစုက ပြည်သူလူထုကိုယ်စား ကုန်ဈေးနှုန်းတွေ ချပေးပါ၊ လျှပ်စစ်မီးတွေ (၂၄) နာရီ ရအောင်လုပ်ပေးပါ၊ ခုနကလို တိုင်နည်းကတော့ ဟန်ပြလုပ်တာပါ။ တကယ်အစစ်အမှန် တိုင်နည်းကတော့ လူငယ်တွေ ဆန္ဒပြသွားတဲ့ နည်းက အစစ်အမှန်တိုင်နည်းပဲ။ ဒီလိုဟာမျိုးတွေကို သတင်းရတဲ့အတွက် ကျေးလက်တွေကပါ ကြိုဆိုတယ်။ သူတို့ မလုပ်ရဲတာကို သူ့တို့ကိုယ်စား ရှေ့ကနေ အဖမ်းခံတယ်၊ စံပြဖြစ်သွားလို့ သူရဲကောင်းအဖြစ် သတ်မှတ်တယ်။ များများပေါ်လာရင် သူတို့လဲ ထထွက်လာမှာပဲ။ ကျနော်ပြောသလို ထမ်းငတ်တဲ့လူက များနေလို့ ထမင်းငတ်တဲ့ ဗိုက် ကျည်ဆံမကြောက်တဲ့ ဘဝကို န–အ–ဖ အစိုးရ နားလည်စေချင်တယ်။"

သာမန်ပြည်သူတွေ နေ့စဉ်ရင်ဆိုင်နေရတဲ့ လုပ်အားပေးပြဿနာကို ILO အဖွဲ့ဆီ တိုင်ကြားပေးမှုနဲ့ ထောင်နှစ်ခါ ကျခံခဲ့ရဖူးသူ ပဲခူးမြို့မှ လူ့အခွင့်အရေးရှေ့နေ ဦးအေးမြင့် ဖြစ်ပါတယ်။ တကယ်တော့ ထမင်းငတ်နေတဲ့ဗိုက် ကျည်ဆံမကြောက်တော့ဘူးလို့ ဦးအေးမြင့်

သတိပေးပြောဆိုနေတာ လနဲ့ချီ ကြာနေပြီ ဖြစ်ပါတယ်။ ဒါပေမဲ့ စစ်အစိုးဘက်ကတော့ ဘာကိုမှ အလေးနက်ထား စဉ်းစားပုံမတွေ့ရဘဲ ဖမ်းဆီးမှုတွေကိုသာ လုပ်နေဆဲ ဖြစ်ပါတယ်။ ဒီလို သာဆက်တိုက်ဖမ်းဆီးနေမယ်ဆိုရင် စစ်အစိုးရအပေါ် မကျေမနပ် ဖြစ်နေတဲ့ သန်း (၅၀) သော ပြည်သူတွေ ကြောက်ရွံ့နောက်တွန့် သွားလေမလား။

တစ်သီးပုဂ္ဂလ နိုင်ငံရေးသမားတစ်ဦးဖြစ်သူ အမျိုးသားရေး ဦးဝင်းနိုင်ကတော့ ဒီလိုမျိုး ဟောကိန်း ထုတ်ခဲ့ကြောင်း ပါခင်ဗျား။ "ကျနော် ကြိုပြီးတော့ ဗေဒင်ဟောပြရမယ် ဆိုရင်ဖြင့် ဒီလို တောင်းပွဲလေးတွေကတော့ ဒီလို ရှေ့မှာ ဖြစ်လာပါလိမ့်မယ်။ လက်ရှိ မြန်မာနိုင်ငံတော် ပြည်သူလူထုရဲ့ စားဝတ်နေရေး ပြဿနာတွေကို ထိထိရောက်ရောက် ဖြေရှင်းမပေးဘူး၊ ဒီအတိုင်းပဲ ဖြစ်ချင်ရာဖြစ်ဆိုပြီး ပစ်ထားမယ်ဆိုရင်ဖြင့်ရင် အလားတူ ဆန္ဒပြမှုများ ပေါ်ကိုပေါ်မှာပဲ။ ဘယ်လိုပဲ ခြိမ်းခြောက်၊ ခြိမ်းခြောက်၊ ဘယ်လိုပဲ ကြောက်လန့်အောင်လုပ်လုပ်။ ဘာဖြစ်လို့လဲဆိုရင် တကယ်တော်လာကြပြီ ပြည်သူလူထုက တကယ်တော်လာပြီဆိုရင် အဲဒါက တကယ့်ကို ပြဿနာပဲ။ ထိန်းမနိုင်သိမ်းမရ ဖြစ်လာနိုင်ပါတယ်"ဟူ၍သုံးသပ်သွားပါသည်။

အစသို့

## ဆန္ဒပြမှု၌ ပါဝင်သူ ( ၉ ) ဦးခန့် အာဏာပိုင်များမှ ဖမ်းဆီးစစ်ဆေး

*၂၆ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇*

အခုလ (၂၂) ရက်နေ့က ရန်ကုန်မြို့လယ်ခေါင်မှာ ငြိမ်းချမ်းစွာ ဆန္ဒပြမှုမှာ ပါဝင်ခဲ့သူ အနည်းဆုံး (၉) ဦးခန့်ကို အာဏာပိုင်တွေက ဖမ်းဆီးစစ်ဆေးနေတယ်လို့ ရန်ကုန်နိုင်ငံရေး အသိုင်းအဝိုင်း အပြောအရ သိရပါတယ်။ အခုလို ဖမ်းဆီးခံခဲ့ရတဲ့ အထဲမှာ မကြာသေးခင်ကမှ ထောင်က ပြန်လွတ်လာတဲ့ တကိုယ်တော် ဆန္ဒပြသမားတွေလို့ နာမည်ကြီးခဲ့တဲ့ ဦးအုန်းသန်းနဲ့ ညောင်တုန်း ကိုထွန်းထွန်းတို့လဲ ပါဝင်တယ်လို့ သိရပါတယ်။

ဖမ်းဆီးခံရသူတွေကတော့ ကိုထင်ကျော်၊ ကိုမျိုးဦး၊ ကိုလှမြင့်အေး၊ ကိုလှသိန်း၊ မကြူကြူစန်း၊ ဒေါ်မေဝင်း၊ ဦးတင်ဝင်း၊ ကိုထွန်းထွန်းနဲ့ ဦးအုန်းသန်းတို့ ဖြစ်ပါတယ်။ အခုလို ကုန်ဈေးနှုန်းကျဆင်းရေး ဆန္ဒထုတ်ဖော်မှုနဲ့ ဖမ်းဆီးခံနေရသူတွေကို အမြန်ဆုံး ပြန်လွှတ်ပေးဖို့ (၈၈) မျိုးဆက် ကျောင်းသားများအဖွဲ့က ဒီကနေ့ ကြေညာချက်ထုတ်ပြန် တောင်းဆိုထားပါတယ်။

အမေရိကန်နဲ့ ဗြိတိန်သံရုံးရှေ့ ဆန္ဒပြပွဲတွေကိုတော့ န–အ–ဖ ပိုင် သတင်းစာတွေက ချီးကျူးရေးသားခဲ့ပြီး၊ သိမ်ကြီးဈေးရှေ့ ကုန်ဈေးနှုန်း ကျဆင်းရေး ဆန္ဒပြသူတွေကို ဖမ်းဆီးတာဟာ အစိုးရတစ်ရပ်ရဲ့ ကျောသားရင်သား ခွဲခြားတဲ့ လုပ်ရပ်လို့လဲ ကြေညာချက်မှာ ဝေဖန်ထားပါတယ်။ ဒီကနေ့ ထုတ်ပြန်တဲ့ ကြေညာချက် အပါအဝင် ပြည်သူတွေရဲ့ ဆန္ဒအစစ်အမှန်ကို ငြိမ်း ချမ်းစွာဖော်ထုတ် ပြသသူတွေကို ဖမ်းဆီးနေတာနဲ့ ပတ်သက်လို့ (၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်ကို ဆက်သွယ်မေးမြန်းထားပါတယ်။ ပထမဆုံး မေးခဲ့တာကတော့ ဒီမိုကရေစီ ဖော်ဆောင်ဖို့ ကြိုးစားနေပါတယ်ဆိုတဲ့ စစ်အစိုးရက ဘာကြောင့် ကျောသားရင်သား ခွဲခြားနေတယ် ထင်ပါသလဲဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

"မိမိခံစားနေရတဲ့ ဒုက္ခအပေါင်းကို ဖော်ထုတ်ပြသနိုင်တယ် ဆိုတာဟာ လူ့အခွင့်အရေး ကြေညာစာတန်းမှာ ပါပြီးသား။ ကမ္ဘာ့ကုလသမဂ္ဂရဲ့ လူ့အခွင့်အရေးပါ ကြေညာစာတန်းမှာ ရေးထိုးထားတဲ့ အဲဒီ အချက်ကို မြန်မာနိုင်ငံ အစိုးရက သဘောတူလို့ ပါဝင်လက်မှတ် ထိုးထားပြီးသား။ အဲဒီတော့ ပြည်သူလူထုက သူ့အခွင့်အရေး သူသုံးတာဖြစ်တယ်။ အဲဒီ အချက်က နံပါတ် (၁) ပါ။

နောက်တစ်ခု ကုန်ဈေးနှုန်းဆိုတဲ့ ကိစ္စ၊ ကုန်ဈေးနှုန်း ကျဆင်းရေးကို လိုလားသလား၊ မလိုလားသလားဆိုတာ ကြိုက်သလို စစ်တမ်းကောက်လို့ရတယ်။ ကျနော်တို့ တိုင်းပြည်မှာ ကြိုက်တဲ့ ရပ်ကွက်ကိုဝင်လိုက်၊ ကြိုက်တဲ့ လမ်းထဲကိုဝင်လိုက်၊ ကြိုက်တဲ့ ဈေးမှာ သွားမေးလိုက်။ အဲဒီလို အခြေခံအကျဆုံး အချက်ကလေးတွေကို တောင်းဆိုတာတောင်မှ အခုလို 'ဖမ်းဟယ်၊ ဆီးဟယ်' တခါတည်း အိမ်တိုင်ယာရောက် ညဥ့်နက်သန်းခေါင်အထိ လိုက်ဆွဲနေတယ် ဆိုတာမျိုးက ဟိုတလောက ပြသသွားတဲ့ သံရုံးရှေ့က ပွဲတွေနဲ့တော့ အစိုးရရဲ့ တုံ့ပြန်မှုက အတော့်ကို တဖက်စောင်းနင်း နိုင်တယ်ဆိုတာ အားလုံး မြင်နိုင်ပါလိမ့်မယ်။ အဲဒီတော့ ဒီမိုကရေစီကို တကယ်သွားမယ်လို့ ဝန်ခံပြီး အာဏာသိမ်းလာတဲ့ အစိုးရတရပ်ဟာ အဲဒီလို အခြေခံကျတဲ့ ဒီမိုကရေစီ အခွင့်အရေးလေးတွေကိုတောင်မှ ခွင့်မပြုဘူးဆိုရင် ကိုယ့်အပြောနဲ့အလုပ်ဟာ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပြီ၊ ကျနော်တော့ ဒီလို မြင်နေပြီ။"

**ဒီဗွီဘီ(မေး)–** ကိုမင်းကိုနိုင်တို့ကတော့ အဲဒီလို အခြေခံကျတဲ့ လူ့အခွင့်အရေးကို တောင်းတယ်လို့ ပြောပေမဲ့
န–အ–ဖ ပိုင် သတင်းစာထဲမှာ ရေးထားတာက 'ဆူပူသောင်းကျန်းလိုသူ' လို့ သုံးထားတယ်။ အဲဒီအပေါ်မှာရော ကိုမင်းကိုနိုင် ဘယ်လိုမျိုး ပြောမလဲ။

**ကိုမင်း(ဖြေ)–** "ဒါ အရင်တခါကလဲ ကျနော် ပြောဖူးပါတယ်။ ဘာလဲဆိုတော့ အစိုးရက သူ့လက်ထက်မှာ တိုင်းပြည်ကြီးဟာ ကောင်းလာပါပြီတဲ့၊ တိုင်းပြည်ကြီးကို သာယာပါစေရဲ့ ဆိုတာမျိုးပဲ သူလိုချင်တယ်။ ဒါ ဘယ်အစိုးရ ဖြစ်ဖြစ်ပေ့ါ။ ပြည်သူက ရွေးထားတဲ့

အစိုးရကြည့်ကြည့်။ မရွေးထားတဲ့ အစိုးရက ပိုတောင် လိုချင်သေးတာပေ့ါ။ သူတို့ကို ထောက်ခံတာမျိုး၊ သူတို့ လိုချင်တဲ့အတိုင်းဆိုရင် လုပ်ခွင့်ရှိတယ်။ တစ်နည်းတစ်ဖုံနဲ့ အမျိုးမျိုး လှည့်အားပေးမယ်၊ တစ်ဖက်တစ်လမ်းနဲ့ လုပ်ခိုင်းမယ် ဒါမျိုးရှိတာပေ့ါ။ အဲဒါမျိုးတွေကျတော့ ဘာလဲ ပြည်သူ့သဘောထား ဖော်ထုတ်တယ် ဆိုပြီးတော့ သုံးနှုန်းတယ်။ အဲဒီတော့ တစ်ဖက်က တကယ် ဒီမိုကရေစီ လိုချင်လို့ တကယ်ခံစားနေရတဲ့ ဒုက္ခအဝဝ၊ မပြေလည်မှုတွေ ဒါတွေကို ဖော်ထုတ်တဲ့ အခါကျတော့ ဘာဖြစ်လဲဆိုတော့ ဆူပူဆန္ဒပြတယ်လို့ သုံးတယ်။ အဲဒီတော့ သဘောထားတဲ့ ဆန္ဒဟာ အတူတူပဲ။ ဖော်ထုတ်တာနဲ့ ပြသတာနဲ့က အတူတူပဲ။ သူ့လက်ထက်မှာ တိုင်းသူပြည်သားတွေ ဆင်းရဲတယ်၊ ဒုက္ခရောက်တယ်၊ မီးမလာ၊ ရေမလာနဲ့ ပညာရေး၊ ကျန်းမာရေးမှာ အာမခံချက်မရှိ၊ ပိုက်ဆံမရှိရင် သေရမဲ့ကိစ္စ၊ အဲဒီလို ကိစ္စမျိုးတွေ ပြောတာကို သူတို့ နားထဲမှာ ဆူနေမှာပေ့ါ၊ ပူနေမှာပေ့ါ။ အဲဒါတွေက ခံစားမှုကလာတဲ့ စကားလုံး တုံ့ပြန်မှုတွေပေ့ါ။ ကျနော် ဒီလိုပဲ မြင်တယ်။”

**ဒီဗွီဘီ(မေး)–** အဲဒီမှာ ငြိမ်းချမ်းစွာ ဆန္ဒပြတဲ့ လူတွေက တောင်းဆိုတာနဲ့ ပတ်သက်လို့ ကုန်စျေးနှုန်း ကျဆင်းရေးတို့၊ ပြည်သူတွေရဲ့ အကြပ်အတည်းကို တောင်းဆိုတာပေ့ါလေ။ တချိန်ထဲမှာပဲ ကိုမင်းကိုနိုင်တို့ (၈၈) မျိုးဆက် ကျောင်းသား တွေကလဲ ပြည်သူတွေရဲ့ အထွေထွေ ကြပ်တည်းမှုတွေကို ရင်ဖွင့်ပါဆိုပြီး လုပ်တယ်ဆိုတော့ ဒီနှစ်ခုကို ပေါင်းစပ်လိုက်မဲ့ အနေအထားမျိုး အာဏာပိုင်တွေဘက်က၊ ပေးစားလိုက်မဲ့ အနေအထားမျိုးတွေကို ကိုမင်းကိုနိုင်တို့ ဘယ်လို မျှော်လင့်ထားလဲ။?

**ကိုမင်း(ဖြေ)–** “ကျနော်တို့နဲ့ ပေးစားရင်တော့ ကျနော်တို့က ကျေကျေနပ်နပ်ကြီး ညားမှာပဲ။ အဲဒီတော့ ရှင်းရှင်းလင်းလင်းပဲ ပြောချင်တယ်၊ ဘာကြောင့်လဲ ကျနော်တို့တတွေ လုပ်တာကလဲ မိမိဆန္ဒကို ဖော်ထုတ်တာပဲ၊ ပြည်သူလူထုတွေ လမ်းပေါ်မှာ အဲဒီလို ပိုစတာ ကိုင်တာကလဲ ပြည်သူ့ဆန္ဒကို ဖော်ထုတ်တာပဲ။ ဘယ်လိုနည်းနဲ့ပဲ ပြောပြော လုပ်တဲ့လူတွေက အကြမ်းမဖက်တဲ့ နည်းလမ်းဖြစ်ရမယ်၊ တကယ့် အစစ်အမှန်ကို ဖော်ထုတ်တာ ဖြစ်ရမယ်။ ဒါ အရေးကြီးပါတယ်။ နောက်တခုက သူတို့တတွေ အဲဒီလို လုပ်တဲ့အခါမှာ အဲဒီမှာ ပါဝင်ခဲ့တဲ့ ပြည်သူတွေ ရှိတာပဲ။ ကျနော်တို့ကို ပြန်ပြောပြတာပဲ၊ လမ်းတွေ ပိတ်သွားအောင် မလုပ်ဘူး၊ ကားသမားတွေ၊ စျေးသည်တွေကိုယ်တိုင်က ဝမ်းသာအားရနဲ့ နားလည်မှုပေးပြီးတော့ သူတို့ကို လုပ်ခွင့်ပေးတယ်၊ လက်ခုပ်တီးတယ်၊ အားပေးတယ်၊ ထောက်ခံတယ်၊ နောက်ကနေလိုက် အားပေးတယ်။ ဒါ ပြည်သူလူထုတွေ တစ်ရပ်လုံးရဲ့ လုပ်ရပ်အစစ်အမှန်ပဲလေ။ ကျနော်တို့က ပြည်သူလူထုကြားမှာ တကယ် အသက်ရှုနေရတာ၊ တကယ်နေရတာ ကျနော်တို့ ရင်နဲ့မမျှအောင် ကြုံနေရတာ။ အချိန်တန်လို့မှ ထမင်းတစ်နပ် စားဖို့အတွက် မရေမရာနဲ့ ထမင်းအိုးကို ဘယ်လို ဆန်ထည့်ရမယ်ဆိုတဲ့ အဖြေကို မရနိုင်တဲ့ ပြည်သူတို့ဘဝကို မြင်ယောင်ကြည့်ပါ။ အဲဒီ အတွက်တော့ ဖြစ်လာသမျှ၊ ပျက်လာသမျှ ပြည်သူတွေ တကယ်ဖော်ထုတ်တဲ့အရာမှာ ကျနော်တို့က အပြည့်အဝ ဒီလုပ်တဲ့သူတွေကို ကျနော်တို့ သဘောတူတယ်ဆိုတာကို ရှင်းရှင်းပြောမယ်။ ကျနော်တို့ကို ဇွတ်ပေးစားရင်လဲ ကျနော်တို့ ပြည်သူလူထုတွေရဲ့ ဆန္ဒအမှန် ဖော်ထုတ်တာကို နဂိုကတည်းက ကြိုက်နေတာပဲ။ ကြိုက်နေတဲ့ဟာကြီး ပေးစားရင်တော့ ကျနော်တို့က ကျေကျေနပ်နပ်ကြီး ယူလိုက်မှာပဲ။ ဒါပဲ ရှိတာပဲ။”

**ဒီဗွီဘီ(မေး)–** နောက်တခုက ဒီ ကုန်စျေးနှုန်းတက်နေတာ၊ ကုန်စျေးနှုန်း ချပေးဖို့ တောင်းတာ၊ နောက် မီးမလာတာကို မီးပေးဖို့တောင်းတာ။ အဲဒီလို အမှန်တောင်းတာကို ဘာဖြစ်လို့ အာဏာပိုင်တွေက ဆတ်ဆတ်ထိမခံ ဖြစ်နေတာလဲ အာဏာပိုင်တွေဘက်က။?

**ကိုမင်း(ဖြေ)–** “သူတို့က အမှန်တရားကို တကယ် မျက်မှောက်ပြုရဲဖို့ သတ္တိလိုနေပါတယ်။ အမှန်တရားဆိုတာ တကယ့် ပကတိတရားကို ပြောတာပါ။ ခါးချင်ရင်ခါးမှာပေ့ါ၊ ပူချင်ရင် ပူမှာပေ့ါ။ ဘဝဆိုတာ အမြဲတမ်း မချိုနိုင်ပါဘူး။ အမြဲတမ်း လပြည့်ညချည်းပဲလဲ မရဘူးလေ။ အဲဒီတော့ မှောင်ရင်မှောင်တယ်၊ နိမ့်ပါးရင် နိမ့်ပါးတယ်ပေ့ါ။ ကိုယ့်လက်ထက်မှာ သိပ်အောင်မြင်နေတယ်လို့ အောက်ခြေကနေ အမျိုးမျိုး အထက်ကို လိမ်ညာလိမ်ဖြားတာတွေရှိမယ်၊ အထက်ကလဲ ဒီအပေါ်မှာ သာယာနေတာတွေ ရှိမယ်။ ပြည်သူတွေက တကယ်ကို ဒီလို ဖြစ်နေပါပြီလို့ ပြောလိုက်တဲ့ အပေါ်မှာတော့ တကယ့် ပကတိတရားကို ရင်ဆိုင်လိုက်ပါ။ အဲဒါဟာ ခါးချင်ရင် ခါးပါလိမ့်မယ်၊ ပူချင်ပူပါလိမ့်မယ်။ အနာကို သိမှ ဆေးကုလို့ ရမှာပါ။ အဲဒီတော့ ကုစားဖို့အတွက်၊ ပြည်သူတွေဘဝ မြင့်မားဖို့၊ ထွက်ပေါက်ရဖို့ ဒီ အခြေအနေဆိုးကြီး။ အဲဒါ တမျိုးသားလုံး ခံစားနေရတဲ့ အခြေအနေ ဆိုးကြီးဆိုတဲ့ ဝေဒနာကို ကုစားဖို့အတွက် အနာကို အမှန်အတိုင်းသိပါ။ **ပြည်သူလူထုရဲ့ ဘဝဟာ ဘယ်လောက် ရောက်နေတယ်ဆိုတာကို တံတား ဘယ်နှစ်စင်းဆိုတဲ့ဟာနဲ့ မကြည့်ပါနဲ့ ထမင်းဘယ်နှစ်လုတ် စားရတယ်ဆိုတာနဲ့ ကြည့်ပါလို့ ပြောချင်တယ်။”**

**အစသို့**

စာပေဟောပြောပွဲလုပ်လို့ ဖမ်းထားသူ (၈) ဦးအနက် (၅) ဦးကို ပြန်လွှတ်ပေးလိုက်ပြီး၊ ကျန် (၃) ဦးကို ထောင် (၃) လစီ၊ ချလိုက်ကြောင်း မိသားစုနဲ့ နီးစပ်သူတွေ အပြောအရ သိရပါတယ်။ သူတို့ကို ဘာပုဒ်မနဲ့ ထောင်ချလိုက်တယ်ဆိုတာ မသိရသေးပေမဲ့ ထောင်ချခံရသူတွေအထဲမှာ ပေါင်းတလည် ရ–ယ–က ဥက္ကဋ္ဌ ဦးဝင်းကြိုင် လဲပါဝင်နေတဲ့အတွက် မြို့ခံတွေအကြား အထူးအဆန်း ဖြစ်နေတယ်လို့ ဆိုပါတယ်။ ရ–ယ–က ဥက္ကဋ္ဌ ဦးဝင်းကြိုင်၊ စာပေဟောပြောပွဲ စီစဉ်သူတွေဖြစ်တဲ့ ပေါင်းတလည်မြို့က ကိုမင်းကြည် နဲ့ ကိုမျိုးဝင်းဇော် တို့ကို အခုလ (၂၀) ရက်နေ့မှာ ပြည်မြို့နယ် တရားရုံးက ထောင်ဒဏ် စီရင်ချက် ချလိုက်တာလို့ သိရပါတယ်။

ဒါနဲ့ပတ်သက်ပြီး ပြည်မြို့ခံတစ်ဦးက အခုလို ပြောပြပါတယ်။ "မင်းကြည်က အခမ်းအနားမှူးလုပ်လို့၊ ဦးဝင်းကြိုင်က သူက ပေါင်းတလည် ရ–ယ–က ဥက္ကဋ္ဌ အသစ်စက်စက်၊ သူတို့ကိုယ်တိုင် ဤမြေညေညေါ် ပေးပြီးခါစလေး၊ ကိုမျိုးဝင်းဇော်ကြီး ကတော့ နောက်ပိုင်းကနေ တာဝန်ယူလုပ်ပေးတဲ့သူ နေမှာပေ့ါ။ ပုဒ်မကတော့ ကျနော်လဲ လိုက်စုံစမ်းတယ်၊ စုံစမ်းတဲ့အခါကျတော့ မသိရဘူး၊ ဘာဖြစ်လို့လဲလို့ ဆိုတဲ့အခါကျတော့ အဲဒီ (၂၀) ရက်နေ့ မနက်အစောကြီးမှာပဲ၊ ပြည်မြို့နယ် တရားရုံးကို ထုတ်ပြီးတော့၊ ရုံးတောင် မဖွင့်သေးဘူးလို့ ကြားတယ်လေ။ အစောကြီး ခေါ်ထုတ်ပြီးတော့ အကျဉ်းရုံးစစ်ဆေးပြီးတော့ ချလိုက်တယ်လို့ကြားတယ်။"

ဒီသတင်းနဲ့ပတ်သက်ပြီး သက်ဆိုင်ရာ အာဏာပိုင်တွေကို ကြိုးစားဆက်သွယ်ခဲ့ပေမဲ့ အဆက်သွယ် မရခဲ့ပါဘူး။ စာပေဟောပြောပွဲ လုပ်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး နယ်မြေခံ ရ–ယ–က ဥက္ကဋ္ဌ တစ်ဦးအပါအဝင် လူ (၃) ဦးကို ဖမ်းဆီး ထောင်ချလိုက်တဲ့အပေါ် အဆိုပါ ပြည်မြို့ခံက သူ့ရဲ့အမြင်ကို အခုလို ပြောပြထားပါသေးတယ်။ "ကျနော်တို့ ကြားတာတော့ ဒီ ဦးဆောင်ပြီးတော့ လုပ်တာမဟုတ်ဘူး ဆိုတဲ့အခါကျတော့၊ အစောကတော့ ဒီ ကဦးဆောင်လုပ်တယ်ထင်လို့ ဖမ်းတာနေမှာပေ့ါလေ(ဒါ–ထင်မြင်ချက်ပြောတာနော်)။ ဖမ်းတာနေမှာပေ့ါလေ၊ (ဒါကို ပွဲမိန့်မရလို့လား) ဒါပေမဲ့ ကျနော်ကြားတာတော့ သူတို့ နှုတ်မိန့်ရတယ်လို့တော့ ကြားတယ်။ ဒါတွေကတော့ ကျနော်တို့က တိတိကျကျ ပြောလို့မကောင်းဘူး။ သို့သော် ဒီ နောက်ကွယ်က ဘယ်သူတွေ ပါသလဲဆိုပြီးတော့၊ စစ်လိုက်တဲ့ ဆေးလိုက်တဲ့ အခါမှာတော့ ဒီ မပါမှန်းသိသွားလို့ သိသွားပါလိမ့်မယ်၊ အဲဒါကြောင့်မို့လို့ ပေါက်ခေါင်းက လူ (၂) ယောက်ကိုလဲ ပြန်လွှတ်တယ်၊ ကျန်တဲ့ နောက်ထပ် (၄) ယောက်လဲ ပြန်လွှတ်လိုက်တယ်ဆိုတော့ တစ်မျိုးတော့ တစ်မျိုးဖြစ်နေတာပေ့ါလေ။ သို့သော် ပုဒ်မ ကလဲမသိရတော့ နောက်–ချတာလဲ ထောင် (၃) လဆိုတော့ တော်တော်တော့ အစဉ်းစားရတော့ ခက်နေတာပဲ။ ပြီးတော့ ဦးဝင်းကြိုင်က ရ–ယ–က ဥက္ကဋ္ဌဖြစ်နေတယ်။ ကိုယ့်လူကိုယ် ထောင်ထဲထည့်လိုက်ရတဲ့ အဖြစ်–ဖြစ်သွားတာကိုး။" ဟု ပြောပြသွားပါသည်။

အစသို့

## တောင်ကုတ်၌ လူ့အခွင့်အရေးစာအုပ်ဖြန့်သူ ဦးဇင်းတစ်ပါး ထိန်းသိမ်းခံရ

*၂၆ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇*

ကုလသမဂ္ဂမှ တရားဝင်ထုတ်ပြန်ထားသည့် 'လူ့အခွင့်အရေး ကြေညာစာတမ်း'ပါ စာအုပ်ငယ်များ ဖြန့်ချိနေသည့် ရဟန်းသံဃာတော်တစ်ပါးကို ရခိုင်ပြည်နယ် တောင်ကုတ်အာဏာပိုင်များက ယခုလ (၂၃) ရက်နေ့တွင် ခေတ္တဖမ်းဆီး ထိန်းသိမ်းခဲ့သည်ဟု သိရပါသည်။ လူ့အခွင့်အရေး စာအုပ်များ ဖြန့်ဝေရန်ကြိုးစားခဲ့သည့် သံတွဲမြို့မှ သံဃာတော်တစ်ပါးဖြစ်သည့် ဦးသုဂန္ဓ ကို ဒေသခံအာဏာပိုင်များမှ ယခုလ (၂၃) ရက်နေ့တွင် စစ်ဆေးမေးမြန်းပြီး စာအုပ်များ သိမ်းဆည်းခဲ့သည်ဟုသိရပါသည်။ တောင်ကုတ်မြို့ NLD စည်းအဖွဲ့ဝင် တစ်ဦးလဲဖြစ်၊ လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သူ တဦးလဲဖြစ်သည့် ဦးခင်လှ မှယခုလိုအတည်ပြု ပြောပြခဲ့ပါသည်။

"ဦးဇင်းက (၂၃) ရက် နေ့မှာ တောင်ကုတ်မြို့နယ်တွင်းကနေ ခရိုင်ရွာကိုသွားတယ်။ စာအုပ်ကလေးယူပြီးတော့၊ ဟိုမှာဖြန့်တဲ့အခါ ခရိုင်ရွာရဲ့ က–ယ–က ဥက္ကဋ္ဌ ဦးစိုးမြင့်ကနေ ဒီဟာတွေကိုမဖြန့်ရဘူးဆိုပြီး လာတားတယ်။ တောင်ကုတ်ရဲစခန်းကို လှမ်းအကြောင်းကြားတော့ ဒုရဲအုပ်တစ်ယောက်နဲ့ ရဲသား (၃) ယောက် လာပြီးတော့ ဦးဇင်းကို တောင်ကုတ်ရဲစခန်းကို ပြန်ခေါ်လာတယ်။ ပြန်ခေါ်လာပြီး ဒါတွေကို မလုပ်ရဘူးဆိုပြီး ကန့်သတ်တယ်ပေ့ါ။ ဦးဇင်းကို ဓာတ်ပုံတွေ ရိုက်တယ်၊ သံဃာမှတ်ပုံတင်တွေ တောင်းတယ်။ အဲဒါတွေကို မှတ်သားထားတယ်။ ဦးဇင်းကိုလဲ အခု လောလောဆယ် ဘယ်မှ မသွားရဘူး။ သွားလို့ရှိရင် သက်ဆိုင်ရာ အာဏာပိုင်၊ ရဲတွေကို အကြောင်းကြားပြီးမှ သွားရမယ်"လို့ပြောပါသည်။

ဦးဇင်း ဦးသုဂန္ဓ နှင့် ရင်းနှီးသည့် ဒကာများ၏ ပြောဆိုချက်အရ ဆိုလျှင်

"အခုလို လူ့အခွင့်အရေး စာအုပ်ဖြန့်တာ ဝိနည်းတော်နဲ့ မညီဘူးလို့" ရဲစခန်းမှ ခြိမ်းခြောက်ခဲ့သည်ဟု ဆိုပါသည်။ ကုလသမဂ္ဂမှ ထုတ်ထားတာမှန်သော်လည်း အာဏာပိုင်များ၏ ခွင့်ပြုချက် ယူရမည်ဟုလည်း ပြောဆိုခဲ့ကြောင်း သိရပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ အတည်ပြုချက် ရရန်အတွက် တောင်ကုတ်မြို့နယ် ရဲစခန်းကို ဆက်သွယ်ခဲ့ရာတွင် ယခုလိုပြောပြခဲ့ပါသည်။

"အဲဒါနဲ့ ပတ်သက်ပြီး အကိုတို့မှာ ပြောပိုင်ခွင့်မရှိပါဘူး။ ဘာမှပြောလို့လည်းမရဘူး။" လို့တာဝန်ကျ ရဲဝန်ထမ်းတစ်ဦးကပြောပြပါသည်။

ဆရာတော် ဦးသုဂန္ဓ သတင်းသုံးနေသည့် တောင်ကုတ်မြို့နယ် ဘောဓိကုန်း သံဃာနာယကဥက္ကဌ ဆရာတော်ကျောင်းကို ဆက်သွယ်မေးမြန်းရာတွင် ဦးသုဂန္ဓသည် ယနေ့ နေ့လည်တွင် အာဏာပိုင်များကို အသိပေး၍ သံတွဲကို ပြန်ကြွသွားပြီဟု သံဃာတော်တစ်ပါးမှ ပြောပြပါသည်။ သံတွဲကို ပြန်ကြွသွားပြီးနောက်ပိုင်း အာဏာပိုင်များဘက်မှ ဦးဇင်း ဦးသုကန္ဓ ဘယ်လို အရေးယူမည်ဆိုသည် မသိရသေးကြောင်းပြောပြသွားပါသည်။

တောင်ကုတ်မြို့ NLD စည်းအဖွဲ့ဝင် တစ်ဦးလဲဖြစ်၍ လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သူ တစ်ဦးလဲဖြစ်သည့် ဦးခင်လှမှ ယခုလို ဝေဖန်သွားခဲ့ပါသည်။

"ကုလသမဂ္ဂရဲ့ပဋိညာဉ်စာတမ်း အပိုဒ် (၃၀) ရှေ့ နိဒါန်းမှာ ရေးထားတယ် ။ 'ဒါကို ကျယ်ကျယ်ပြန့်ပြန့် လူတွေသိဖို့အတွက် ဖြန့်ဝေရမယ်။ လူစုလူဝေးတွေ များပြားတဲ့ နေရာမျိုးမှာ၊ ထင်သာမြင်သာတဲ့ နေရာမှာ ချိတ်ဆွဲ ပြသထားရမယ်။ လူတွေသိအောင် ပြောရမယ် ဆိုတာ အစိုးရရဲ့ အလုပ်ပဲ' တဲ့။ အပြည့်အဝ လူသားတွေ လူ့အခွင့်အရေးကို ခံစားစေချင်တယ်ဆိုတဲ့ နိုင်ငံတော် အစိုးရ အနေနဲ့ကတော့ ဒီလို တဖက်တလမ်းက အကူအညီ ပေးတာကို အနှောင့်အယှက် မပေးသင့်ဘူး၊ အားပေးသင့်တယ်လို့– ဒါပဲ ပြောချင်ပါတယ်။"

အစသို့

## ပြည်သူ့ဆန္ဒသဘောထား ထုတ်ဖော် ဆန္ဒပြသူ (၉) ဦး ပြန်လည်လွှတ်မြောက်

*၂၇ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇*

သိမ်ကြီးဈေးအနီး ငြိမ်းချမ်းစွာ ဆန္ဒပြမှုဖြင့် ဖမ်းဆီးခံထားရသူများအားလုံးကို ယနေ့ နေ့လည်ပိုင်းတွင် ပြန်လွှတ်ပေးလိုက်ကြောင်း သိရပါသည်။ ပြန်လွှတ်မြောက်လာသူများမှာ မကြူကြူစန်း၊ ဒေါ်မေဝင်း၊ ကိုထင်ကျော်၊ ကိုလှမြင့်အေး၊ ကိုမျိုးဦး၊ ကိုလှသိန်း၊ ဦးတင်ဝင်း၊ ဦးအုန်းသန်း၊ ညောင်တုန်း ကိုထွန်းထွန်းတို့ (၉) ဦး ဖြစ်ကြပါသည်။

သူတို့ အားလုံးသည် ပြီးခဲ့သည့် ကြာသာပတေးနေ့တွင် ပြည်သူများ ခံစားနေရသည့် အထွေထွေ အကြပ်အတည်းတွေကို ဖြေရှင်းပေးရန် ငြိမ်းချမ်းစွာ တောင်းဆိုဆန္ဒပြရာတွင် ပါဝင်ခဲ့မှုဖြင့် ဖမ်းဆီးခံရခြင်းဖြစ်ပါသည်။ ၎င်းတို့ အားလုံးကို အောင်သပြေ စစ်ကြောရေးစခန်းတွင် ထိန်းသိမ်းစစ်ဆေးပြီး ယနေ့ ပြန်လွှတ်ပေးလိုက်ခြင်းဖြစ်ပါသည်။

ဆက်သွယ် မေးမြန်းချက်များအရ ပြန်လွှတ်လာသူအားလုံး စိတ်ပိုင်း၊ ရုပ်ပိုင်း အထူး ကောင်းမွန်ကြသည်ဟု သိရပါသည်။ ထိုအထဲမှ ညောင်တုန်း ကိုထွန်းထွန်းကို မေးမြန်းရာတွင် ပထမဆုံး မေးမြန်းခဲ့သည့်မေးခွန်းမှာ ဆန္ဒပြပွဲတွင် ပါဝင်ပတ်သတ်ခဲ့မှုကို ပထမဆုံး ရှင်းပြပေးဖို့ ဖြစ်ပါသည်။

"အဲဒီ အခမ်းအနားမှာ ကျနော်က ပထမတော့ ဓာတ်ပုံရိုက်ဖို့ သွားတာ။ ဟိုရောက်တဲ့ အခါကျတော့ ပြည်သူလူထုက ဆန္ဒပြတဲ့ ကျနော်တို့ ရဲဘော်တွေကို အေးလွင်တို့ အဖွဲ့ကလို ထင်တဲ့ မျက်လုံးတွေနဲ့ ကြည့်တယ်။ အဲဒီမှာတင် ကျနော်ကနေပြီးတော့ မိဘပြည်သူများ ခင်ဗျား၊ အခု ဆန္ဒပြနေတဲ့ အုပ်စုဟာ အစိုးရဘက်တော်သား တစ်ယောက်မှ မပါဘဲနဲ့ ပြည်သူလူထုရဲ့ စားဝတ်နေရေး၊ လူမှုရေး အခက်အခဲ ဒုက္ခတွေကို ပြည်သူလူထုကိုယ်စား ကိုယ်ကျိုးစွန့် အနစ်နာခံပြီးတော့ ဆန္ဒပြနေကြတဲ့ နိုင်ငံရေး အုပ်စုများပဲ ဖြစ်ပါတယ် ခင်ဗျားလို့၊ အော်ပြီး လက်ခုပ်တီးပြီး အားပေးကြပါခင်ဗျားလို့ ကျနော့်က လုပ်လိုက်မိတာပေါ့။"

ဒီဗွီဘီ(မေး) – ဆိုလိုတာ ဆန္ဒပြတဲ့ သူတွေက– ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဆန္ဒပြတာ သပ်သပ်၊ ကိုထွန်းထွန်းက သွားကြည့်ပြီးတော့– စစ်အစိုးရ ထောက်ခံတဲ့သူတွေ ထင်မှာစိုးလို့ ဝင်ပြီးသွားပြောတာ အဲဒါမျိုးပေါ့။ အဲဒီလိုမျိုးနဲ့ ပါဝင်သွားတဲ့ အဓိပ္ပါယ်လား။ ချီတက်တဲ့ အချိန်မှာရော ကိုထွန်းထွန်း ပါသွားလား– ဆိုးလေကို?။

"ဟုတ်ကဲ့။ တောက်လျှောက်သူတို့နဲ့အတူ ကျနော် (၃) ခေါက်စလုံး ပါပါတယ်။"

ဒီဗွီဘီ(မေး)– အဲဒီနေ့ ဆန္ဒပြပွဲတုန်းက ကိုထွန်းထွန်းက ဘယ်လိုလဲ? ကြုံသိလို့လား၊ ဘယ်လိုမျိုးဖြစ်လို့ ကိုထွန်းထွန်းတို့ ရောက်သွားတာလဲ။?

"နိုင်ငံရေးသမား ဝင်စားသလား မသိဘူးပေါ့။ ကျနော်က ကိုမြင့်အေးရဲ့ မိခင်ကြီး သပိတ်သွတ်ကို လာရင်းနဲ့ ရောက်သွားခြင်း ဖြစ်ပါတယ်။"

ဒီဗွီဘီ(မေး)– ကိုထွန်းထွန်းဆို ကျနော်သိသလောက်၊ အင်္ဂါနေ့တိုင်းလဲ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေး အကျဉ်းသားတွေ လွှတ်ပေးဖို့ ဆုတောင်းတယ်၊ အခုလဲ ဆန္ဒပြသူတွေဆီသွားတယ်၊ သူတို့နဲ့အတူ ပူးပေါင်းပြီး ချီတက်တယ်။ ဘာကြောင့်လဲ အဓိက က။

"သူတို့ကို မှတ်တမ်းတင် ဓာတ်ပုံလေးတွေ ကျနော်က အမှတ်တရ ရိုက်ပေးချင်တဲ့ စေတနာက နံပါတ် (၁) ပေါ့။"

ဒီဗွီဘီ(မေး)– ဓာတ်ပုံသွားရိုက်တယ်ဆိုတော့ ကင်မရာတွေ သိမ်းတာဆည်းတာရော၊ ဘယ်လိုမျိုး ရှိလဲ။

"မသိမ်းပါဘူး။ ဖလင်တော့ မရအရ တောင်းတာပေါ့ နော်။"

ဒီဗွီဘီ(မေး)– ဖလင်လိပ်တော့ သူတို့တောင်းတယ်ပေါ့။?

"ဟုတ်ပါတယ်။"

ဒီဗွီဘီ(မေး)– အဲဒီကနေ လူစုကွဲသွားပြီးတော့ နောက် အဖမ်းခံရတယ်ပေါ့။ ချုံ့ပြောမယ်ဆိုရင်။ ဖမ်းတော့ ကိုထွန်းထွန်းကို ဘာတွေစစ်လဲ။

"အဓိက ကတော့ အဲဒီအုပ်စုရဲ့ ခေါင်းဆောင် သိသလား?၊ အဲဒီ အုပ်စုရဲ့ ခေါင်းဆောင် ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းကို ခင်ဗျားသိလား၊ ဒီဆန္ဒပြပွဲနဲ့ ပတ်သက်လို့ ဘယ်သူကနေ ငွေကြေးအကုန်အကျ ခံတာလဲ၊ ဒီဆန္ဒပြပွဲကို အမေရိကန် ဒေါ်လာပေါင်းများစွာ ဆုချထားတယ် ဆိုတာကိုရော သိပါသလား၊ ဒီဆန္ဒပြတဲ့ လူအားလုံးက အမေရိကန်သံရုံးကို ဝင်ပြီးတော့ နိုင်ငံရေး ခိုလှုံခွင့်တောင်းမယ်ဆိုတဲ့ အချက်ကိုရော သိပါသလားဆိုတဲ့ မေးခွန်းတွေကို ကျနော်ကို ထပ်ခါတလဲလဲ သူတို့ မေးပါတယ်။"

ဒီဗွီဘီ(မေး)– အဲဒီတော့ ကိုထွန်းထွန်းက ဘာပြန်ပြောလိုက်လဲ။

"ကျနော့်အမြင်၊ ကျနော့်အထင် ပြောမယ်ဆိုရင်တော့ ဆန္ဒပြတဲ့ လူငယ်တွေဟာ ကျနော်လို၊ သူလိုလူတွေပဲ ဖြစ်တဲ့အပြင် ကိုအေးလွင်တို့ အမေရိကန် သံရုံးရှေ့နဲ့ ဗြိတိသျှ သံရုံးရှေ့ ဆန္ဒပြပွဲ ပြီးကတည်းက ပြည်သူလူထုတွေဟာလဲ ကိုယ့်ရဲ့ဆန္ဒကို ထုတ်ဖော်ခွင့် ရလိမ့်မယ်လို့ကို ကျနော်လဲ ယုံကြည်တဲ့အတွက် ပါဝင်မိတယ်လို့ ကျနော် သူတို့ကို ပြောလိုက်တယ်။"

ဒီဗွီဘီ(မေး)– (၉) ယောက်လုံးကို အောင်သပြေမှာ ထားတာပဲလား။

"ဟုတ်ပါတယ်။ အောင်သပြေမှာပဲ ထားပါတယ်။"

ဒီဗွီဘီ(မေး)– "ကောင်းကောင်းမွန်မွန် ဆက်ဆံတာမျိုး၊ ဘယ်လိုများရှိလဲ? ဆက်ဆံတာ အောင်သပြေ စစ်ကြောရေးစခန်းမှာ။"

"အကောင်းဆုံးနဲ့ သူတို့ ကြိုးစားပြီးတော့ ဆက်ဆံပါတယ်။"

ဒီဗွီဘီ(မေး)– "စစ်တဲ့အချိန်မှာ ကိုထွန်းထွန်းတို့ကို ခေါင်းစွပ်တွေစွပ်တာမျိုး၊ လက်ထိပ်တွေ နောက်ပြန်ခတ်တာမျိုး၊ ဘယ်လိုမျိုးရှိလဲ၊ ပုံမှန် အေးအေးဆေးဆေး မျက်နှာချင်းဆိုင်ပဲလား။"

"ဘာတခုမှတော့ ရုပ်ပိုင်းဆိုင်ရာအရ ညှဉ်းပမ်းမှု မထားပါဘူး။"

ဒီဗွီဘီ(မေး)– "ကိုထွန်းထွန်း တို့လွှတ်လာပြီးတော့ (၉) ယောက်လုံးနဲ့ စကားပြောဖြစ်လား။?

"ခဏလေးတော့ တစ်ဦးနဲ့တစ်ဦး မိတ်ဆက်တဲ့ သဘောမျိုးလေးလောက်တော့ ပြောခဲ့ပါတယ်။"

ဒီဗွီဘီ(မေး)– ဆိုလိုတာက (၉) ယောက်လုံး တစ်ယောက်နဲ့ တစ်ယောက် မသိကြဘူးပေါ့။?

"မသိကြပါဘူး။ မသိတာနဲ့ ပတ်သက်လို့လဲ ခင်ဗျားတို့ နိုင်ငံရေးသမား အချင်းချင်း မသိဘူးဆိုတာ မဖြစ်နိုင်ဘူးဆိုတဲ့ ခြိမ်းခြောက်မှုတွေကလဲ တော်တော် ကြောက်စရာ ကောင်းတယ် သိလား။ ကျနော်တို့က မသိတာကို မသိဘူးပေါ့။ သူတို့က မသိတာကို မကြိုက်ဘူး၊ သိစေချင်တာပေါ့။"

ဒီဗွီဘီ(မေး)– ကျနော်တို့ သိရသလောက် အမျိုးသမီး နှစ်ယောက် ပါတယ်ပြောတယ်။ အမျိုးသမီးနှစ်ယောက်ရော အေးအေးဆေးဆေးပဲလား။ အခု ပြန်လွှတ်လာတော့။?

"အေးအေးဆေးဆေးပါပဲ။ ဒေါ်မေဝင်းနဲ့ မကြူကြူစန်းနဲ့ပါ။"

ဒီဗွီဘီ(မေး)– "ပြန်လွှတ်တော့ ဘယ်လိုမျိုး ပြောပြီး ပြန်လွှတ်ပေးလဲ။ ကိုထွန်းထွန်းတို့ကို တပြိုင်တည်း ပြန်လွှတ်ပေးတာလား။"

"အဖွဲ့အစည်းတစ်ခုကို ဖွဲ့စည်းတော့မယ်ဆိုရင် နိုင်ငံတော် အစိုးရဆီမှာ တရားဝင် မှတ်ပုံတင်ပြီးတော့ ဖွဲ့စည်းသင့်တယ်ဆိုတဲ့ အကြောင်း၊ နောက် ဆန္ဒပြပွဲတစ်ခု ပြုလုပ်မယ် ဆိုရင်လဲ ကိုအေးလွင်တို့ အုပ်စုဟာ နိုင်ငံတော် အစိုးရအပေါ်မှာ တရားဝင် ခွင့်ပြုချက်ကို ရယူပြီးတော့မှ ဆန္ဒပြခဲ့တယ် ဆိုတဲ့အကြောင်း။ နောက်နောင် ဆန္ဒပြချင်တယ်တဲ့ ပြည်သူလူထုဟာ နိုင်ငံတော် အစိုးရဆီမှာ ခွင့်ပြုမိန့် ရယူရမယ်ဆိုတဲ့ အကြောင်းပေါ့။"

ဒီဗွီဘီ(မေး)– "ဆိုလိုတာက နောက်တခါ ဆန္ဒပြခွင့်တော့ ရှိတယ်။ ဆန္ဒပြမယ်ဆိုရင် သက်ဆိုင်ရာကို ကြိုတင် အကြောင်းကြားရမယ်ပေါ့။ အဲဒီလိုမျိုးလား။?

"ဒါကတော့ တရားဝင်ပြောတဲ့ စာရွက်ထဲက စကားပေါ့။ တရားမဝင်တဲ့ စကား တစ်ခွန်းကတော့ နိုင်ငံတော် အစိုးရဘက်က ရပ်တည်ပြီးတော့ ဥပမာ အမေရိကန် သံရုံးရှေ့လိုဟာမျိုးကို ဆန္ဒပြမယ်ဆိုရင် အချိန်မရွေး၊ နိုင်ငံတော် အစိုးရကို ဆန့်ကျင်လာမယ် ဆိုရင်တော့ လုံးဝခွင့်မပြုနိုင်ဘူးဆိုတဲ့ အလွတ်သဘော ကွယ်ရာမှာ ကျနော်တို့ကို ပြောတာပေါ့။"

ဒီဗွီဘီ(မေး)– အခု ကိုထွန်းထွန်းတို့ ဆန္ဒပြခဲ့တာနိုင်ငံတော် အစိုးရ ဆန့်ကျင်တဲ့ ဆန္ဒပြပွဲဟုတ်လို့လား။?

“မဟုတ်ပါဘူး။

**ကုန်ဈေးနှုန်း ကျဆင်းရေး၊**

**(၂၄) နာရီ လျှပ်စစ်မီး ရရှိရေး၊**

**အခမဲ့ ပညာသင်စနစ် ဖြစ်ထွန်းရေး၊ ဆေးဝါး အခမဲ့ကုသရေး** အစရှိတဲ့ တချို့ လူထုလူတန်းစား အသီးသီးရဲ့ လူမှုဒုက္ခတွေကို နိုင်ငံတော်အစိုးရ သိစေဖို့အတွက် တင်ပြရုံမျှပြတဲ့ ဆန္ဒပြပွဲ ဖြစ်ပါတယ်။”

ဒီဗွီဘီ(မေး)– “ဒီဆန္ဒပြပွဲမှာ ကိုထွန်းထွန်းတို့ ကြွေးကြော်ခဲ့တဲ့ ပြည်သူ့အရေးတို့၊ သူတို့ ပြန်ပြောတာမျိုး ရှိလား၊ အဲဒါမျိုး အခြေအတင် ပြောတာမျိုး ဆွေးနွေးမျိုးရှိလား။

“ရှိပါတယ်။ ခင်ဗျားတို့ ဘာမှ တောင်းဆိုစရာ မလိုဘူးဗျာတဲ့။ တစ်နေ့ကျရင်လဲ ကုန်ဈေးနှုန်းက ကျချင် ကျမှာပေါ့–ဗျာ၊ လျှပ်စစ်မီးကလဲ ပေးစရာမှ မရှိတာ၊ ကျုပ်တို့အိမ်လဲ မှောင်နေတဲ့ ဥစ္စာကို ခင်ဗျားတို့ကို ဘယ်ကပေးမလဲ၊ အဲဒီလိုပေါ့။ ထေ့တာတွေ၊ ငေါ့တာတွေ၊ ရိတာတွေ၊ စုံနေတာပေါ့ စကားလုံးတွေကတော့။”

ဒီဗွီဘီ(မေး)– “အဲဒီ– အောင်သပြေ စစ်ကြောရေးရော မီးမှန်မှန် လာသလား။?

“အဲဒီမှာတော့ လာတယ်။ (၂၄) နာရီ လာတာကို တွေ့ရတယ်။”

ဒီဗွီဘီ(မေး)– “ကိုထွန်းထွန်း တို့ မြို့လယ်ခေါင်မှာ ဆန္ဒပြတယ်။ ပြန်လွှတ်ပေးတယ်။ ဒီအပေါ်မှာရော အာဏာပိုင်တွေအပေါ်ကို အကောင်းမြင်မိလား? ဘယ်လို မြင်မိလဲ။”

“အာဏာပိုင် အစိုးရဟာ ကျနော်တို့ကိုများ အရေးယူတော့မယ်ဆိုရင်၊ ကိုအေးလွင် တို့ဟာ သူတို့ရဲ့ လက်ကိုင်တုတ်ဆိုတာ ပို ပေါ်လွင်သွားပြီးတော့ သူတို့ ရေးဆွဲတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီးက မကြာခင်မှာ ပြီးဆုံးသွားပြီးတော့၊ မကြာခင်မှာ ပြည်သူလူထုကို ဆန္ဒခံပွဲ လုပ်တော့မှာ ဖြစ်တဲ့အတွက်ကြောင့် သူတို့ ဖွဲ့စည်းပုံရဲ့ အားနည်းချက်တွေ၊ အမည်းစက်ကြီးတွေ အဖြစ်မခံနိုင်လွန်းတဲ့အတွက် ကျနော်တို့ကို မတတ်သာလို့ ပြန်လွှတ်ပေးလိုက်တယ်လို့ပဲ ကျနော် ခံစားမိပါတယ်။”

အစသို့

## ဖမ်းဆီးခံရသူများအား ပြန်လွှတ်ပေးမှုကို လူ့အခွင့်အရေး မြှင့်တင်ရေးအဖွဲ့မှ ကြိုဆို

*၂၇ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇*

ပြည်သူ့ဆန္ဒ အစစ်အမှန်ကို ငြိမ်းငြိမ်းချမ်းချမ်း ဖော်ထုတ်ပြသခဲ့သူများအား ပြန်လွှတ်ပေးလိုက်သည့်အပေါ် မြန်မာနိုင်ငံ လူ့အခွင့်အရေး မြှင့်တင်ရေး အဖွဲ့မှလဲ ကြိုဆိုလိုက်ပါသည်။

“ကြိုဆိုပါတယ် ။ အဆင့်အတန်း မခွဲခြားဘဲနဲ့၊ ခွဲခြားဆက်ဆံခြင်း မရှိဘဲနဲ့ ဆောင်ရွက်လိုက်တဲ့အတွက် ကျနော် တို့ဘက်က ကြိုဆိုပါတယ်လို့ပဲ ပြောလိုက်ပါ။”တဲ့ လူ့အခွင့်အရေး မြှင့်တင်ရေး အဖွဲ့မှ ဦးမြင့်အေးမှ ပြောပြပါသည်။

ထို့အတူ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှလဲ တိုးတက်သည့် ခြေလှမ်းတစ်ရပ် အနေဖြင့်ယခုလို ကြိုဆိုထားပါသည်။

“အခုလို ဆန္ဒပြမှုနဲ့ ပတ်သက်လို့ ဖမ်းဆီးထားတဲ့ ပုဂ္ဂိုလ် (၉) ယောက်စလုံးကို ပြန်လည် လွှတ်ပေးလိုက်တယ်လို့ ကြားသိရတဲ့ အတွက် အထူးပဲ ဝမ်းသာပါတယ်။ အထူးလဲ ကျေးဇူးတင်ပါတယ်။ ထို့တူပဲ ဒီလို ပြန်လည် လွှတ်ပေးလိုက်တာဟာ ‘လွတ်လပ်စွာ ဆန္ဒ ထုတ်ဖော်ခွင့်’ဆိုတဲ့ အခြေခံဒီမိုကရေစီကိစ္စရပ်တစ်ခုရဲ့ –ကောင်းတဲ့အလားအလာ တစ်ခုပဲလို့ ကျနော်တို့ယူဆပါတယ်။ ကြို လဲ ကြိုဆို ပါတယ်။”လို့ အဖွဲ့ချုပ် သတင်းနှင့် ပြန်ကြားရေး အဖွဲ့ဝင် ဦးမြင့်သိန်း မှပြောပြသွားပါသည်။

(၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုကိုကြီးမှ ၄င်း၏အမြင်ကို ယခုလို ပြောပြသွားပါသည်။

“အဓိက ကတော့ ကုန်ဈေးနှုန်း ကျဆင်းရေး ဆန္ဒထုတ်ဖော်မှုနဲ့ပတ်သက်တယ်ပေါ့။ ဆိုတော့ သူတို့ ကြွေးကြော်သံတွေအရ ကုန်ဈေးနှုန်း ကျဆင်းရေးတို့၊ လျှပ်စစ်မီးပုံမှန် ရရှိရေးတို့၊ ပင်စင်လစာတွေ တိုးမြှင့်ရေးတို့ဆိုတဲ့ အချက်တွေ၊ အဲဒီ အချက်တွေကို ဘယ်လို ဖြေရှင်းပေးမလဲဆိုတာကိုတော့ ကျနော်တို့မမြင်ရသေးဘူး၊ မတွေ့ရသေးဘူး။ သို့သော်လည်းပဲ အဲဒီ တောင်းဆိုချက်တွေဟာ ပြည်သူအားလုံး နေ့စဉ်ကြုံတွေ့နေရတဲ့ တကယ့် အခက်အခဲတွေ၊ တကယ့် ပြဿနာတွေ ဖြစ်တယ် ဆိုတာကိုတော့ အသိမှတ် ပြုလိုက်ပုံ ရပါတယ်။ အခုလို ပြန်လွှတ်လိုက်တာနဲ့ ပတ်သက်ပြီးတော့။ ဒါ ကျနော်တို့ အမြင်ပေါ့လေ။ နောက်တစ်ခုကလဲ သံရုံးရှေ့ ဆန္ဒပြတာကို မဖမ်းဘဲနဲ့ ဒါကိုချီးကျူးဂုဏ်ပြုတဲ့ ပုံစံမျိုးတောင်မှ သတင်းစာထဲမှာဖော်ပြထားတော့၊ အခု ဆန္ဒပြတဲ့လူတွေက၊ ဆန္ဒထုတ်ဖော်တဲ့လူတွေက တကယ့် ပြည်သူ့အသံလဲ အမှန်အကန်ဖြစ်နေတဲ့အခါ – ဒါကို သူတို့ ဖမ်းဆီးအရေးယူရမှာကို အခက်အခဲ ရှိနေပုံလဲရပါတယ်။ ဒါကြောင့်မို့ လို့ ပြန်လွှတ်ပေးလိုက်တယ်လို့ မြင်ပါတယ်။”

အစသို့

## စစ်အစိုးရ၏ အပြုသဘောလုပ်ရပ်ကို ကြိုဆိုကြောင်း ဝါရင့်နိုင်ငံရေးသမား နှစ်ဦးပြောဆို

*၂၈ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇*

စစ်အစိုးဘက်မှ အပြုသဘောလုပ်ရပ် (၃) ခုကို ယမန်နေ့က တစ်ရက်ထဲမှာတင် ဆက်တိုက်ပြုလုပ်လိုက်သည့်အတွက် ဤလုပ်ရပ်ကို ခြေလှမ်းသစ်အဖြစ်ကြိုဆိုရမှာ ဖြစ်သည်ဟု ရန်ကုန်ရှိ ဝါရင့်နိုင်ငံရေးသမား နှစ်ဦးမှယနေ့ပြောကြားလိုက်ပါသည်။ ၎င်းတို့ပြောသည့် အပြုသဘောလုပ်ရပ် (၃) ခု ဆိုသည်မှာ

'ရန်ကုန်မြို့လယ်မှာ ဆန္ဒပြသူ (၉) ဦးကို ပြန်လွှတ်ပေးလိုက်ခြင်း'၊

'အဓမ္မ လုပ်အားပေး ခိုင်းစေခံရသူတွေဘက်မှ ILO အဖွဲ့ဆီ လွတ်လပ်စွာ တိုင်ကြားနိုင်တယ်လို့ ခွင့်ပြုလိုက်ခြင်း' နှင့်

'အပတ်စဉ် အင်္ဂါနေ့တိုင်း ရွှေတိဂုံဘုရားပေါ်တက် ဆုတောင်းနေသူတွေကို အရင်လို မနှောင့်ယှက်ခြင်း'တို့ ဖြစ်ပါသည်။ သို့သော်လည်း ယခုကဲ့သို့ အပြုသဘောတိုးတက်မှု ဘယ်လောက်အထိ ရေရှည်ခံမလဲဆိုသည်ကိုတော့ စစ်အစိုးရဘက်မှ ဆက်လက်သက်သေပြရန် လိုအပ်နေဆဲ ဖြစသည်ဟု ၎င်းတို့ နှစ်ဦးမှ ပြောပါသည်။

၎င်းတို့နှစ်ဦးထဲမှ လွတ်လပ်ရေးတိုက်ပွဲဝင် သခင်ချန်ထွန်း၏အမြင်မှာ –

"အလားအလာ ကောင်းတယ်ဆိုတဲ့ သဘောကိုပဲမြင်ပါတယ်။ ဘာလို့လဲဆိုတော့ လူထုတစ်ရပ်လုံး တကယ်ခံစားနေရတဲ့ ခံစားချက်တွေကို ဒါကိုတင်ပြတာကိုး ။ အဲဒီတော့– ဒီတင်ပြတဲ့ လူတွေထဲက (၉) ယောက်ကို ဖမ်းတယ်၊ ဖမ်းပြီး အခုတော့ နည်းနည်းပါးပါး စစ်ဆေးမေးမြန်းပြီး ပြန်လွှတ်တယ်ဆိုတော့ ဒါက ကြိုဆိုရမဲ့ လုပ်ငန်းလို့ ဒီလိုပဲ မြင်ပါတယ်။ ဒါ အမှန်ကတော့ ဖမ်းတောင် မဖမ်းသင့်ပါဘူး။ ထိုအတူပဲ ILO ကိစ္စမှာလဲ ILO နဲ့ သဘောတူ လက်မှတ်ရေးထိုး နိုင်တယ်ဆိုတာတော့ ဒါက မှန်ကန်တဲ့ လုပ်ငန်းကို လုပ်တယ်လို့ ဒီလိုပဲ မြင်ပါတယ်။ အမှန်ကတော့ အတိအကျဖြစ်အောင် ကိုယ့်ကိုယ်ကို မလုပ်ဘဲနဲ့ အခုလို ILO နဲ့ နားလည်မှုယူ၊ သဘောပေါက်ပြီးတော့ ဒီလို လုပ်တာဟာ ဒါလဲ ကြိုဆိုရမဲ့ လုပ်ငန်းလို့မြင်ပါတယ်။ နောက်တစ်ခုက ဒါသူ့ဟာသူ ဘုရားရှိခိုးတာပဲ၊ ဒါ လွတ်လွတ်လပ်လပ် ရှိခိုးခွင့်ရှိတာပဲ။ ရှိခိုးခွင့်ရှိတာကို ဟိုခြိမ်းခြောက်၊ ဒီခြိမ်းခြောက် အရင်တုန်းက တော်တော်များများ ရှိတယ်၊ ဒီနေ့တော့ ဟန်ပြလောက်ပဲ ရှိတယ်လို့ ကြားရတယ်လေ။ ဒါ ဘာမှ အနှောင့်အယှက် မပေးဘူးဆိုတော့ ဒါ အစကတည်းက နှောင့်ယှက်ဖို့ကို မကောင်းဘူး။ ဒီ (၃) ချက်ကို ကြည့်ရခြင်းအားဖြင့်တော့ တိုးတက်လာဖို့ အလားအလာ ရှိတယ်လို့ မျှော်လင့်ရတာပေ့ါ။ မဟုတ်ဘူးလား။"

ထို့အတူ တသီးပုဂ္ဂလ နိုင်ငံရေးသမား တစ်ဦးဖြစ်သူ အမျိုးသားရေး ဦးဝင်းနိုင်မှလဲ

"ဒါကို တိုးတက်မှု ခြေလှမ်းတစ်ခုအဖြစ် ကြိုဆိုခဲ့ပါတယ်။ ကျနော်က အကောင်းဘက်ကမြင်ပါတယ်။ တချို့ကတော့ ဒီမှာပြောနေကြတာ ရှိတာပေ့ါ။ ရီစရာလိုပဲ သဘောထားရမယ်ဆိုရင်ဖြင့်။ ဒီလို ဖြစ်လာတာတွေဟာ အဲဒီနေ့ကပဲ တိုက်တိုက်ဆိုင်ဆိုင် တရုတ်ပြည်ကနေပြီးတော့ နိုင်ငံတော်ကောင်စီဝင်ပုဂ္ဂိုလ်ကြီး ရောက်လာတဲ့နေ့မှာဖြစ်တဲ့အတွက် တရုတ်ကြီးရဲ့ ညွှန်ကြားချက်နဲ့ပဲ လုပ်သလိုလို၊ ဘာလိုလို ပြောကြတာပေ့ါ။ ကျနော်ကတော့ ဘယ်သူ့ညွှန်ကြားချက်နဲ့ပဲလုပ်လုပ်၊ ကိုယ်ပိုင်ဥာဏ်နဲ့ပဲ လုပ်လုပ် ဒါတွေဟာ ကောင်းသောတိုးတက်မှုတွေဆိုပြီး ကျနော်ကတော့ အကောင်းဘက်က မြင်ပါတယ်။ အထူးသဖြင့် သိမ်ကြီးဈေး ပြည်သူလူထုရဲ့ ဆန္ဒပြမှုမှာ ခေါ်ယူထိန်းသိမ်းခံရတဲ့ ဆန္ဒပြသမားတွေကို ပြန်လွှတ်လိုက်တာကို ကျနော်က အထူးပဲ ဝမ်းသာပါတယ်။ ဒီလုပ်ရပ်ကို ကျေးဇူးတင်ထိုက်တဲ့ သဘောအရလဲ ကျနော် ကျေးဇူးတင်ပါတယ် ဆိုတာကို ကျနော် ပြောချင်ပါတယ်။"

ဤ (၃) ချက်အရ တိုးတက်မှုဟုဆိုနိုင်သည့် စစ်အစိုးရ၏ခြေလှမ်းသစ် ဘယ်လောက်ကြာကြာခံမလဲ၊ စစ်မှန်သည့် တိုးတက်မှုအထိ ဦးတည်သွားနိုင်ပါသလားဟု ထပ်မေးကြည့်သည့်အခါတွင် သူတို့ နှစ်ဦးမှယခုလိုဖြေကြားသွားပါသည်။

"ဒါကတော့ လူ့စိတ်ဆိုတာ အမြဲတမ်း ဒီလိုချည်းလုပ်တာမှ မဟုတ်ဘဲနဲ့ တော်ကြာတမျိုး၊ တော်ကြာတမျိုး ဖြစ်တတ်တော့ အခုမနေ့က လုပ်တဲ့လုပ်ရပ် (၃) ချက် ကတော့ အင်မတန်ကို ဆီလျော်သင့်မြတ်တဲ့ လုပ်ငန်းရပ်တွေ ဖြစ်တယ်။ ဒါကြောင့် ကြိုဆိုတယ်။ နောက်ဆုံးလဲ ဒီလိုပဲ သဘောထားကြီးကြီးနဲ့ တွေ့ဆုံဆွေးနွေးပြီးတော့ ဖြေရှင်းမှသာလျှင် ထာဝရအောင်မြင်တဲ့ လုပ်ငန်းကြီးကို ရမယ်လို့ ဒီလိုပဲ ယုံကြည်ပါတယ်။ ဒါပါပဲ မတွေ့ဆုံ၊ မဆွေးနွေးဘဲနဲ့တော့ ပြဿနာတွေ ပြေလည်လာလိမ့်မယ်လို့ မယူဆပါဘူး။ ဒီလောက်ကလေးလိုက်လျောနေရင်တော့။"

"ကျနော်က ကောင်းတယ်လို့သာ ပြောတယ်နော်။ ဒီကိစ္စ၊ ဒီပြဿနာတွေက ရှင်းသွားပြီ၊ နောက်ထပ်ဘာမှ လုပ်စရာ မရှိဘူးလို့ ကျနော် ဆိုလိုတာ မဟုတ်ဘူး။ တကယ်တမ်း ပြောရမယ်ဆိုရင် ဒီလို လွှတ်ပေးလိုက်တာဟာ ကောင်းပေမဲ့ ဒီလောက် လုပ်ရုံနဲ့ ပြဿနာရဲ့ အရင်းအမြစ်ကို ကျနော်တို့က ဖြေရှင်းနိုင်မှာ မဟုတ်ဘူး။ ဒါ ရှေ့လျှောက် ဆက်ပြီးတော့ အာဏာပိုင်တွေအနေနဲ့ ဘာမှ အရေးယူဆောင်ရွက်ဖို့ မရှိဘူးဆိုရင် ဘာအကျိုးထူးမှ ရမှာမဟုတ်ဘူး။ အခု လုပ်ကြတဲ့လူတွေရဲ့ ကြိုးစားမှုကလဲ သဲထဲရေသွန်ဖြစ်မယ်၊ လွှတ်ပေးလိုက်တဲ့ လူတွေရဲ့ လုပ်ရပ်ကလဲ အကျိုးမဲ့ အချည်းနှီးပဲ ဖြစ်သွားလိမ့်မယ်။ အဲဒီတော့ ဘာလုပ်ဖို့ အရေးတကြီး

ကျန်နေလဲဆိုတော့ အခု ဆန္ဒပြသမားတွေ တင်ပြတဲ့ မြန်မာနိုင်ငံ ပြည်သူလူထု လက်ရှိ ခံစားနေရတဲ့ ဆင်းရဲမှုပြဿနာ ဘာကြောင့်ဖြစ်ရသလဲဆိုတာ အမြန်ဆုံး စစ်ဆေးရမယ်၊ ကြားနာရမယ်၊ ကျနော်တို့ ဘက်က တင်ပြချက်တွေကို သူတို့ နားထောင်ရမယ်၊ နားထောင်ပြီးတဲ့ အခါကျတော့ ဒါကို ဘယ်လို ရှင်းကြမလဲဆိုတာ ကျနော်တို့ နိုင်ငံရေးသမားတွေနဲ့ နိုင်ငံတော်အစိုးရက ပွင့်ပွင့်လင်းလင်း တွေ့ဆုံတိုင်ပင်ပြီးတော့ရင် ပြဿနာကို ဝိုင်းပြီးတော့ ရှင်းကြရမယ်။ ပြည်သူပါ ပါမှာနော် သူတို့က ကာယကံရှင်ကိုး။ အဲဒါကြောင့်မို့လို့ နိုင်ငံတော် အာဏာပိုင်တွေ အနေနဲ့ လွှတ်ပေးလိုက်ရုံနဲ့တော့ ရပ်မထားပါနဲ့ ရှေ့ဆက်ပြီးတော့ ပြဿနာရဲ့အဖြေကို ရှာဖို့ ဆက်ပြီးတော့ အမြန်ဆုံး ကြိုးစားပါ၊ ဆွေးနွေးပါ၊ တိုင်ပင်ပါလို့ ကျနော်တိုက်တွန်းပါတယ်။”

တဖက်တွင် ယခုလိုမျိုး တစုံတရာ တိုးတက်မှုလက္ခာများပြသနေသော်လည်း အခြား တဖက်တွင် ဖိနှိပ်မှုများ ရှိမြဲရှိနေဆဲဖြစ်သည်ဟုလည်း နိုင်ငံရေးအကဲခတ်သူများမှ ထောက်ပြနေပါသည်။ အထူးသဖြင့် ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသည့် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မီတီ **(CRPP)** ကို တရားမဝင် အဖွဲ့အစည်းဖြစ်သည့်အတွက် လက်မခံနိုင်ဘူးဟုဆိုကာ ရဲချုပ်ကိုယ်တိုင်မှ ပြောခဲ့ခြင်း၊ ထို့အတူ နိုင်ငံရေးအကျဉ်းသားများကို အကူညီပေးနေသည့် ICRC နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ကို ကန့်သတ်ထားခြင်းများသည် ထင်ရှားသည့် သာဓကများ ဖြစ်သည်ဟု ၎င်းတို့မှထောက်ပြပါသည်။ ထို့ကြောင့် စစ်အစိုးရဘက်မှ လိုက်လျောမှုဆိုသည်မှာ ၎င်းသွားမည့် လမ်းပြမြေပုံ (၇) ချက်ကို မထိခိုက်သရွေ့၊ ၎င်း၏အာဏာကို တိုက်ရိုက် စိမ်ခေါ်သည်အထိ မရောက်သရွေ့၊ အတိုင်းအတာ တစ်ခုထိသာ လိုက်လျောထားခြင်း ဖြစ်နိုင်သည်ဟုလည်း အဆိုပါ အကဲခတ်သူများမှ ပြောကြားခဲ့ပါသည်။

အစသို့

## မန္တလေးထောင်တွင်းမှ နိုင်ငံရေးအကျဉ်းသား ကိုဌေးလွင်ဦး ကျန်းမာရေးအခြေအနေ ဆိုးဝါး

*၂၈ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၇*

မန္တလေးထောင်ထဲမှ နိုင်ငံရေးအကျဉ်းသား ကိုဌေးလွင်ဦး၏ ကျန်းမာရေးအခြေအနေမှာ ဆိုးဝါးနေသည်ဟုသိရှိရပါသည်။ ပြီးခဲ့သည့်သီတင်းပတ်တွင် ထောင်ဝင်စာ သွားတွေ့ခဲ့သည့် ကိုဌေးလွင်၏ဇနီး မခင်လှမြင့် မှယခုလို ပြောပြပါသည်။

“ထောင်ထဲကျပြီးမှနှလုံးရောဂါဖြစ်တာပါ။ အဲဒီ နှလုံးရောဂါကြောင့်မို့ ဆေးရုံ တက်လိုက်ရတာပေါ့လေ။ အခုကျမှ တီဘီပိုး တွေ့တာပေါ့။ တစ်လတောင် မပြည့်သေးဘူး။ (၁၅) ရက်ရှိပြီပေါ့နော်။ တော်တော်လေး ပိန်တာပေါ့နော်၊ စိုးရိမ်ရတယ်။( ပြီးခဲ့တဲ့ အပတ်ကဆို )၊ အခုမှ နည်းနည်းလေး ထမင်းစားကောင်းလာပြီ။ အစကဆို ထမင်းလဲ မစားနိုင်ဘူး။ ကိုယ့်ပုဆိုးကိုယ်တောင် ကောင်းကောင်းမဝတ်နိုင်ဘူး။ စောင်တွေဘာတွေလဲ ကောင်းကောင်း မခေါက်နိုင်ဘူး။ လက်တုံခြေတုံပေါ့နော်။ သူ့ကို ကျမတအား စိုးရိမ်နေရတာလေ။ ဘာလို့လဲဆို သူကနှလုံးရောဂါရော၊ တီဘီရောဖြစ်တော့ သူ့က ကိုယ်ခံအား သိပ်မကောင်းဘူး။ လူကခပ်ပိန်ပိန်ဆိုတော့လေ။”

ကိုဌေးလွင်ဦးသည် အခြားအဖွဲ့ချုပ်ဝင် (၁၁) ဦးနှင့်အတူ (၂၀၀၃) ခုနှစ် ဒီဇင်ဘာလတွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ပြီး ထောင် (၇) နှစ်ချမှတ်ခံထားရသူ ဖြစ်ပါသည်။ ကျန်သူများမှာ ထောင် (၇) နှစ်မှ (၂၂) နှစ်ထိ အသီးသီး ချမှတ်ခံခဲ့ရခြင်းဖြစ်ပြီး ၎င်းတို့အထဲမှ ဒေါ်နှင်းပပနှင့် ကိုအောင်နိုင်သူတို့ နှစ်ဦးကိုကို လွှန်ခဲ့သည့် လပိုင်းမှ ပြန်လွှတ်ပေးခဲ့ပါသည်။